ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၄၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၅။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၇။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၄၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၈၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၁.၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၄၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဥ္စမပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ ၁၁-၈-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့် ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ Forum တက်ရောက်ရန်။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ Forum on Myanmar Democratic Transition သို့တက်ရောက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဂျင်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဂျင်းအတိုင်း။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ဂျင်းအတိုင်း။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဂျင်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဂျင်းအတိုင်း။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဂျင်းအတိုင်း။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးချို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ မျက်စိခွဲစိတ်ကုသရန်။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ မျက်စိခွဲစိတ်ကုသရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၃)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ(၁၈)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၄၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ညြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၁)ဦးဖြစ်ပြီးခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရှမ်းတဲကြီး တောင်ပိုင်းရပ်ကွက် အပိုင်/ ၁၀၈၇(က)၊ ဇလုပ်ကြီးမြောက်ဘက်ကွင်းနှင့် ၁၀၈၈(ခ) ရှမ်းတဲကြီးကွင်း (၂)ခု ကြားတွင်ရှိသော စားကျက်မြေနှင့် လယ်မြေ(၄၄.၂၅)ဧကမှာ အမှတ်(၅၀၄) အမြောက်တပ်ရင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ သိမ်းယူခဲ့ပြီး မည်သည့်တပ်မတော်လုပ်ငန်းမျှ လုပ်ကိုင်ခဲ့ခြင်းမရှိဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်များကို အငှားချထားပါသောကြောင့် စာသင်ကျောင်းမရှိ၊ ဓမ္မာရုံမရှိ၊ သောက်သုံးရေကန်မရှိ၊ အားကစားကွင်း မရှိ၊ စာကြည့်တိုက်မရှိသည့် ရှမ်းတဲကြီး ရပ်ကွက်နေ ပြည်သူများအတွက် သိမ်းဆည်းမြေများအား စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။　။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရှမ်းတဲကြီးတောင်ပိုင်းရပ်ကွက် အပိုင်/၁၀၈၇(က)၊ ဇလုပ်ကြီးမြောက်ဘက်ကွင်းနှင့် ၁၀၈၈(ခ) ရှမ်းတဲကြီးကွင်း(၂)ခု ကြားတွင်ရှိသော စားကျက်မြေနှင့် လယ်မြေ(၄၄.၂၅)ဧကမှာ အမှတ်(၅၀၄) အမြောက်တပ်ရင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ သိမ်းယူခဲ့ပြီး မည်သည့် တပ်မတော် လုပ်ငန်းမျှ လုပ်ကိုင်ခဲ့ခြင်းမရှိဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်များကို အငှားချထားပါသောကြောင့် စာသင်ကျောင်း မရှိ၊ ဓမ္မာရုံမရှိ၊ သောက်သုံးရေကန်မရှိ၊ အားကစားကွင်း မရှိ၊ စာကြည့်တိုက်မရှိသည့် ရှမ်းတဲကြီး ရပ်ကွက်နေ ပြည်သူများအတွက် သိမ်းဆည်းမြေများအား စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ အပါအဝင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းရင်း ဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂) က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ မဲဆန္ဒနယ်အတွင်းမှာ တည်ရှိတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရှမ်းတဲကြီးတောင်ပိုင်းရပ်ကွက် အပိုင်/၁၀၈၇(က)၊ ဇလုပ်ကြီးမြောက်ဘက်ကွင်းနှင့် ၁၀၈၈(ခ) ရှမ်းတဲကြီးကွင်း(၂)ခုကြားတွင်ရှိသော ယခင်ကျွဲ၊ နွား စားကျက်မြေနှင့် လယ်မြေ၊ ချောင်းရိုးမြေ ဧရိယာစုစုပေါင်း (၆၀.၂၅)ဧကကို ၂၀၀၃ ခုနှစ်က အမှတ်(၅၀၄) အမြောက်တပ်ရင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ ပူးပေါင်းပြီးတော့ သိမ်းယူသွားခဲ့ပြီး ယနေ့တိုင် ပုဂ္ဂလိကလုပ်ငန်းရှင်များကိုသာ အငှားချထားခဲ့ပြီး တပ်မတော်နဲ့ သက်ဆိုင်တဲ့ မည်သည့် လုပ်ငန်းမျှ လုပ်ကိုင်ခြင်းမရှိကြောင်း သိရှိရပါတယ်။ မြေသိမ်းယူထားတဲ့ အမှတ်(၅၀၄) အမြောက်တပ်ရင်းနှင့် သိမ်းဆည်းထားတဲ့ မြေနေရာမှာလည်း ဆက်စပ်နေခြင်းမရှိဘဲ (၃)မိုင်ခန့် ကွာခြားနေပါတယ်။

၂၀၁၄ ခုနှစ်မှာတော့ မူလလယ်မြေပိုင်ရှင် လယ်သမားနှစ်ဦးကို တပ်မတော်မှ မြေ(၁၆)ဧက ပြန်လည်စွန့်လွှတ်ခဲ့တဲ့အတွက် ယခုအခါမှာ တပ်မတော်မှ သိမ်းယူထားတဲ့ ရွာမြေစုစုပေါင်းဟာ

(၄၄.၂၅)ဧက ကျန်ရှိနေပါတယ်။ ယခင် ရှမ်းတဲကြီး ကျေးရွာ၊ ယခု ရှမ်းတဲကြီးတောင်ပိုင်းရပ်ကွက်တွင် ယခုအခါမှာ အိမ်ခြေ(၄၂၀)ရှိပြီးတော့ လူဦးရေ(၂၀၀၀)ခန့်ရှိနေသော်လည်း ရပ်ကွက်အတွင်း မည်သည့် စာသင်ကျောင်းမျှ မရှိတဲ့အတွက် မူလတန်းကျောင်းသားများဟာ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်ကို လည်းကောင်း၊ အလယ်တန်းနဲ့ အထက်တန်းကျောင်းသားများဟာ လှည်းကူးမြို့နယ်နဲ့ လေးထောင့်ကန် ဘက်သို့လည်းကောင်း ဝေးလံစွာ သွားရောက်ပြီးတော့ ပညာကို ခက်ခဲစွာ သင်ယူနေကြရပါတယ်။ ဒါကြောင့်မို့လို့ အနည်းဆုံး မူလတန်းကျောင်းလေးတစ်ကျောင်းအတွက် မြေနေရာလိုအပ်လျက်ရှိ ပါတယ်။

အဲဒီအပြင် ရွာသူရွာသားများဟာ ရိုးရာအစဉ်အလာ ဘာသာရေးလုပ်ငန်းများလုပ်ရန်နဲ့ သက်ကြီးရွယ်အိုများ တရားအားထုတ်နိုင်ဖို့အတွက် ဓမ္မာရုံလုံးဝမရှိတဲ့အတွက်ကြောင့်လည်း ရပ်ကွက် အတွက် ဓမ္မာရုံတစ်ခု မဖြစ်မနေ လိုအပ်လျက်ရှိပါတယ်။ အဲဒီအပြင် ရွာသားများအတွက် သောက်သုံး ရေကန်တစ်ခုလည်း အရေးတကြီး လိုအပ်လျက်ရှိသကဲ့သို့ ကျန်းမာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်ကွက် အားကစားကွင်းတစ်ခုလည်း လိုအပ်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ တပ်မတော်မှ တစ်စုံတစ်ခုမျှ ကိုယ်တိုင်ကိုယ်ကျ လုပ်ကိုင်ဆောင်ရွက်သုံးစွဲနေမှုမရှိဘဲ သိမ်းယူထားတဲ့မြေများကို ရပ်ကွက်၊ ကျေးရွာနေပြည်သူ၊ ပြည်သားများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်နေတဲ့ အထက်ဖော်ပြပါ အကြောင်းကိစ္စရပ်များမှာ အသုံးပြုနိုင်ဖို့ တပ်မတော်မှ ဖြည့်ဆည်း ထောက်ကူ ပေးတဲ့အနေနဲ့ စွန့်လွှတ်ပေးစေလိုကြပါတယ်။

ဒါကြောင့်မို့လို့ မဲဆန္ဒရှင်များရဲ့ကိုယ်စား တင်ပြလိုတာကတော့ ကျွန်တော်တို့ အမှတ်(၅၀၄) အမြောက်တပ်ရင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ သိမ်းယူထားတဲ့ မြေများနဲ့ စပ်လျဉ်းပြီးတော့ စာသင်ကျောင်းမရှိ၊ ဓမ္မာရုံမရှိ၊ သောက်သုံးရေကန်မရှိ၊ အားကစားကွင်းမရှိ၍ ဆင်းရဲဒုက္ခရောက်နေတဲ့ လက်ရှိ ရှမ်းတဲကြီးရပ်ကွက်နေ ပြည်သူ၊ ပြည်သားများအတွက် သိမ်းဆည်းမြေများ ပြန်လည် စွန့်လွှတ် ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဗိုလ်ချုပ်မြင့်နွယ် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က တော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦး၏ ရန်ကုန်တိုင်းဒေသကြီး၊

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရှမ်းတဲကြီးတောင်ပိုင်းရပ်ကွက် အပိုင်/၁၀၈၇(က)၊ ဇလုပ်ကြီးမြောက်ဘက်ကွင်းနှင့် ၁၀၈၈(ခ) ရှမ်းတဲကြီးကွင်း(၂)ခုကြားတွင်ရှိသော စားကျက်မြေနှင့် လယ်မြေ (၄၄.၂၅)ဧကမှာ အမှတ်(၅၀၄) အမြောက်တပ်ရင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ သိမ်းယူခဲ့ပြီး မည်သည့် တပ်မတော်လုပ်ငန်းမျှ လုပ်ကိုင်ခဲ့ခြင်းမရှိဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်များကို အငှားချထားပါသောကြောင့် စာသင်ကျောင်းမရှိ၊ ဓမ္မာရုံမရှိ၊ သောက်သုံးရေကန်မရှိ၊ အားကစားကွင်းမရှိ၊ စာကြည့်တိုက်မရှိဘဲ ရှမ်းတဲကြီးရပ်ကွက်နေ ပြည်သူများအတွက် သိမ်းဆည်းမြေများအား စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းပါ မြေနေရာဟာ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရှမ်းတဲကြီးတောင်ပိုင်းရပ်ကွက်၊ ဇလုပ်ကြီးမြောက်ကွင်း၊ ကွင်းအမှတ်(၁၀၈၇/က) နှင့် ကွင်းအမှတ်(၁၀၈၈/က)တို့တွင်ရှိသော လယ်မြေ(၁၈.၁၆)ဧကနှင့် ဇလုပ်ကြီးရေကျော်ချောင်းအား ရေစီးရေလာကောင်းမွန်စေရန်အတွက် ချောင်းဖြောင့်ဖောက်လုပ်ရာမှ ပေါ်ထွက်လာသော အခြားမြေ (မြစ်ချောင်းနှင့်ရေအောက်မြေ) (၄၂.၀၉)ဧက စုစုပေါင်း (၆၀.၂၅)ဧကဖြစ်ပြီး၊ ၁၉၉၉ ခုနှစ်မတိုင်မီကတည်းက နှစ်စဉ် ရေနစ်မြုပ်မှုကြောင့် စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်းမရှိသည့် မြေနေရာများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ထို့ကြောင့် အဆိုပါမြေများအား လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားခဲ့ရာ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအမှုဆောင်အဖွဲ့ အစည်းအဝေးမှတ်တမ်း(၂၈/၂၀၀၅)၊ ဆုံးဖြတ်ချက်အပိုဒ်(၂၆)အရ ခွင့်ပြုခဲ့သဖြင့် အမှတ်(၅၀၄) အမြောက်တပ်ရင်းမှ စက်ယန္တရား၊ စစ်သည်လုပ်အား၊ ငွေအားစိုက်ထုတ်၍ ငါးကန်များတူးဖော်ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ထို့အပြင် ငါးကန်များတူးဖော်ခြင်းဖြင့် ရွာသူ၊ ရွာသားများ သွားလာမှုအခက်အခဲမရှိဘဲ ပတ်ဝန်းကျင်လယ်မြေများ ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ပေးနိုင်သည့်အတွက် ကန့်ကွက်ရန်မရှိကြောင်း မြို့နယ်မြေစာရင်းဦးစီးမှူးနှင့် ရှမ်းတဲကြီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့ရဲ့ ထောက်ခံချက်များ ရရှိခဲ့ပြီးဖြစ်သည့်အပြင် တပ်ရင်းအနေဖြင့် မြေစာရင်းပုံစံ (၁၀၅/၁၀၆) ရရှိခဲ့ပြီးဖြစ်ကာ လက်ရှိတွင်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်များအား အငှားချထားခြင်းမရှိဘဲ တပ်ရင်းမှ ကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

အဆိုပါ မြေဧရိယာ (၆၀.၂၅)ဧကအနက်မှ လယ်မြေ(၁၆)ဧကအား ပြန်လည်ရရှိရေးအတွက် ရှမ်းတဲကြီးကျေးရွာနေ ဦးဝင်းနိုင်မှ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီသို့ တောင်းခံခဲ့သဖြင့် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးအဖွဲ့သို့ ပြန်လည်စွန့်လွှတ် အပ်နှံခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်မြေ(၄၄.၂၅)ဧကသည်လည်း ဦးပိုင်အမည်ပေါက်ခြင်းမရှိသော မြစ်ချောင်းနှင့် ရေအောက်မြေ(၄၂.၀၉)ဧကနှင့် ရေနစ်မြုပ်မြေ(၂.၁၆)ဧကတို့ဖြစ်

သဖြင့် စာသင်ကျောင်း၊ ဓမ္မာရုံ၊ အားကစားကွင်းနှင့် စာကြည့်တိုက်များ ဆောက်လုပ်ရန် မသင့်လျော်သော မြေနေရာများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းပါ မြေဧရိယာ(၄၄.၂၅)ဧကသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်နှင့် မြို့နယ်မြေစာရင်းဦးစီးမှူးနှင့် ရှမ်းတဲကြီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက်တို့ဖြင့် တပ်ရင်းမှ စက်ယန္တရား၊ စစ်သည်လုပ်အား၊ ငွေအားစိုက်ထုတ်၍ လက်ရှိတွင်လည်း ငါးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော မြေနေရာဖြစ်ခြင်း၊ ဦးပိုင်အမည်ပေါက်ခြင်း မရှိသောမြစ်ချောင်း၊ ရေအောက်မြေနှင့် ရေနစ်မြုပ်မြေများဖြစ်သဖြင့် စာသင်ကျောင်း၊ ဓမ္မာရုံ၊ အားကစားကွင်းနှင့် စာကြည့်တိုက်များ ဆောက်လုပ်ရန် မသင့်လျော်သော မြေနေရာဖြစ်ခြင်းတို့ကြောင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်း လေးစားစွာ ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ဒေသ ဝန်းကျင်ရှိ ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်းက ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ဒေသဝန်းကျင်ရှိ ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) က ဒေါက်တာမြသောင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူမျိုးတစ်မျိုး တိုင်းပြည်တစ်ခုရဲ့ ဂုဏ်သိက္ခာအဆင့်အတန်းကို အကဲဖြတ်ရာမှာ ထိုတိုင်းပြည် ထိုလူမျိုးတို့ရဲ့ ယဉ်ကျေးမှုအဆင့်အတန်းဟာ အရေးကြီးတဲ့စံတစ်ခု ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ နှစ်ပေါင်းထောင်ချီတဲ့ သမိုင်းကြောင်း ရှိပါတယ်။ အခုဆိုလို့ရှိရင် ကျွန်တော်တို့ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့များဟာ ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် အသိအမှတ်ပြုခံရပြီး ဖြစ်ပါတယ်။ အလွန်အဖိုးတန်တဲ့ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်

ပါတယ်။ ယခုခေတ် အသုံးအဆောင်ပစ္စည်းများကို ဝယ်ယူအစားထိုးလို့ရပေမယ့် ရှေးဟောင်းဝတ္ထုပစ္စည်း ဆိုတာ အစားထိုးလို့ မရနိုင်ပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ပြသခွင့်ပြုပါ။ တောင်ငူဒေသဟာ မြန်မာ့သမိုင်း၊ မြန်မာ့ စာပေမှာ တောင်ငူခေတ်လို့ မော်ကွန်းတင်ရတဲ့ ခေတ်တစ်ခုကို ကျွန်တော်တို့ တည်ထောင်နိုင်ခဲ့ ပါတယ်။ ဒီပုံမှာဆိုလို့ရှိရင် ဘုရင့်နောင်မင်းတရားကြီးလက်ထက်က တောင်ငူမင်းများ ပိုင်ခဲ့တဲ့မြေ ပြတဲ့ပုံ ဖြစ်ပါတယ်။ ဒီဟာကတော့ ကျွန်တော်တို့ တောင်ငူသမိုင်းနဲ့ ဆက်စပ်နေတဲ့ မြတ်စောညီနောင် စေတီများ ဖြစ်ပါတယ်။ ဒီစေတီများကို အကြောင်းပြုပြီးတော့ တောင်ငူမြို့ ပေါ်ထွန်းလာခြင်း ဖြစ်ပါတယ်။ ပုဂံ နရပတေ့စည်သူမင်းကြီး ဖောင်စကြာလှည့်စဉ်က ဒီဒေသကို ဘုရားများ ပြုပြင်ရင်းနဲ့ ကျွန်တော်တို့ ရောက်ခဲ့ပါတယ်။ ဒါကတော့ တောင်ငူမြို့ဟောင်း ဖြစ်ပါတယ်။ သဝန်ကြီးမင်းက အေဒီ ၁၂၇၉ ခုနှစ်မှာ တည်ခဲ့တဲ့ ခပေါင်းချောင်းဖျားမှာရှိတဲ့ ရှေးဟောင်းမြို့တစ်ခု ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီမြို့မှာ မင်းပေါင်း (၂၉)ဆက် စိုးစံခဲ့ပြီးတော့ (၂၉)ဆက်မြောက် မင်းဖြစ်တဲ့ မင်းကြီးညို လက်ထက်မှာ ဒီမြို့ကနေပြီးတော့ ကျွန်တော်တို့ မြဝတီ၊ ဒွါရာဝတီ၊ ကေတုမတီ စသည်ဖြင့် မြို့သစ်များ အဆင့်ဆင့်တည်ပြီးတော့ ပြောင်းခဲ့ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အခုလက်ရှိ အနေအထားပါ။ ဒီမှာ ကျွန်တော်တို့ အဖြူကွက်တွေကတော့ အမြန်လမ်းကြီး ဖောက်လုပ်စဉ်က မြို့ထဲ ကမြေများ၊ မြို့ရိုးများ တူးဖော်ပြီးတော့ ကျွန်တော်တို့ လမ်းဖို့ခြင်းခံရတဲ့အတွက် ပျက်စီးသွားတဲ့အပိုင်းတွေ ဖြစ်ပါတယ်။ ဒါတွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ကျွန်တော်တို့ လိုအပ်ပါတယ်။ အလယ်ကောင်က အဖြူကတော့ ကျွန်တော်တို့ စည်းခုံကြီးဘုရားဆိုတာ မင်းကြီးညို တည်ခဲ့တဲ့ စေတီတစ်ဆူ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ တောင်ငူဒေသရဲ့ ပြောင်းရွှေ့လာတဲ့ပုံကို ပြတာပါ။

(၁) ကျွန်တော်တို့ တောင်ငူငယ် ဆိုတာ ပထမဆုံး တည်တာပါ။ နောက်(၂) တောင်ငူကြီး ဆိုတာ ကျွန်တော်ခုနကပြောတဲ့ မြို့ဖြစ်ပါတယ်။ ဒီမြို့မှာ (၂၀၆)နှစ် ကြာပါတယ်။ ပြီးတော့ (၃) ကျွန်တော်တို့ မြဝတီ၊ (၄) ဒွါရာဝတီ၊ (၅) ယခုလက်ရှိ ကေတုမတီ ဖြစ်ပါတယ်။ လက်ရှိ ကေတုမတီမြို့ကတော့ ၁၅၁၀ မှာ မင်းကြီးညို တည်ခဲ့တဲ့မြို့ ဖြစ်ပါတယ်။ ကေတုမတီမှာ မင်းကြီးညို၊ တပင်ရွှေထီး၊ ဘုရင့်နောင်၊ မင်းရဲသိခ်သူ၊ မင်းခေါင်၊ ရွှေနန်းတင်မင်း နောက်ဆုံး နတ်သျှင်နောင်ထိ မင်း(၇)ဆက် စိုးစံခဲ့ပါတယ်။ ဒါကတော့ ကျွန်တော်တို့ တောင်ငူကြီးမြို့ဟောင်းမှာ ရှိတဲ့ ရှေးဟောင်း သမိုင်းဝင် စည်းခုံကြီးစေတီ မပြုပြင်ခင်ကပုံ ဖြစ်ပါတယ်။

ဒါကတော့ အဲဒီမှာတွေ့ရှိတဲ့ အုတ်ခွက်ဘုရားတွေ ကျွန်တော်တို့ ဌာပနာမြေဆင်းတုတွေ၊ နောက် ဆင်ရုပ်၊ ဆင်စီးတဲ့ဘုရင်ရုပ် ထွင်းထားတဲ့အုတ်ချပ်တွေ ဒါ ရှေးဟောင်းအဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်တွေ ဖြစ်ပါတယ်။ အုတ်ခွက်ဘုရားများဟာ ကျွန်တော်တို့ ပုဂံခေတ်ဦးပိုင်းလောက်က ဥစ္စာ တွေပါ ပါတယ်လို့ ပညာရှင်များက ဆိုပါတယ်။ ဒါလည်း ကျွန်တော်တို့ ခုနက စည်းခုံကြီးဘုရားက အုတ်ချပ်များ ဖြစ်ပါတယ်။ ဒါကတော့ အခု ကျွန်တော်တို့ တောင်ငူကြီးမြို့ဟောင်းရဲ့ ဟိုဘက်က မြို့ရိုးကြီးကို ရှင်းပြီးတော့ သစ်ပင်တွေစိုက်ထားတာနဲ့ ကျုံးထဲမှာ လယ်တွေ ဖြစ်နေပါတယ်။ မြို့ရိုးက တဖြည်းဖြည်းနဲ့ နိမ့်ပြီးတော့ ကျွန်တော်တို့ ကြာရင် ပျောက်ကွယ်သွားမှာဖြစ်တဲ့အတွက် ဒါတွေကို

ထိန်းသိမ်းပေးဖို့၊ နိုင်ငံတော်ကနေပြီးတော့ ရှေးဟောင်းဇုန်အဖြစ် သတ်မှတ်ပြီးတော့ ထိန်းသိမ်းပေးဖို့ လိုအပ်ပါတယ်။

ဒါကတော့ ခုနကပြောတဲ့ အုတ်ခွက်ဘုရားတွေပါ။ ဒါလည်း ခုနက ဒီအုတ်ခွက်ဘုရားတွေက ပုဂံခေတ်လောက်က လက်ရာလို့ ပြောကြပါတယ်။ ဒါကတော့ ခုနက မြို့ဟောင်းမှာရှိတဲ့ စေတီ၊ ဘုရားငုတ်တိုတွေပါ။ ဒါကတော့ ကျွန်တော်တို့ အမြန်လမ်း(၁၄၅)မိုင် ခပေါင်းတံတားကနေ လှမ်းကြည့်လို့ရှိရင် စည်းခုံကြီးဘုရားနဲ့ ကျွန်တော်တို့ တောင်ငူမြို့ဟောင်းကို လှမ်းပြီးမြင်ရတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ အခု ကျွန်တော်တို့ ပြန်လည်ပြုပြင်ထားတဲ့ စောလူးသခ်ယာတည်ခဲ့တဲ့ မြနန္ဒစေတီတော် ဖြစ်ပါတယ်။ ဒါကတော့ မင်းကြီးညိုတည်ခဲ့တဲ့ စည်းခုံကြီးစေတီကို ပြန်လည်ပြုပြင်ထားတာ ဖြစ်ပါတယ်။ ဒါကတော့ အခုလက်ရှိ တောင်ငူမြို့ပုံဖြစ်ပါတယ်။ ကျုံးလေးဘက် ဝန်းရံပြီးတော့ မြို့ရိုးလေးဘက် ရှေးမူမပျက်ရှိပါသေးတယ်။

ဒါပေမဲ့ လူနေအိမ်ခြေ အဆက်မပြတ်တဲ့အတွက် ကျွန်တော်တို့ ရှေးဟောင်းနေရာတော်တော်များများတော့ ပျောက်ကွယ်ကုန်ပြီဖြစ်ပါတယ်။ အဓိကကတော့ ကျွန်တော်တို့ ကျုံးမြို့ရိုးတွေကို ထိန်းသိမ်းပေးဖို့ နိုင်ငံတော်ကနေပြီးတော့ ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ တောင်ငူမြို့တည်ခဲ့တဲ့ မင်းကြီးညိုနဲ့ သားတော် တပင်ရွှေထီးပုံ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ သမိုင်းဝင် လေးကျွန်းကန်တော်ကြီး ဖြစ်ပါတယ်။ ဒီအနောက်ဘက်က အနောက်ဘက်ကျုံးနဲ့ ကျုံးနဲ့ မြို့ရိုးကြားမှာ နွံကျုံးတစ်ထပ်၊ ကျုံးနှစ်ထပ် ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ တောင်ငူမြို့ တစ်ခုလုံးကို မြင်ရတဲ့ ပုံပါ။

ဒါကတော့ ကျွန်တော်တို့ ဘုရင့်နောင်မင်းတရားကြီးရဲ့ပုံ ဖြစ်ပါတယ်။ (၁၆)ရာစုမှာ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ရခိုင်ပြည်နယ်မှအပ ကျန်တစ်ပြည်လုံးနဲ့ မဏိပူရ၊ ယူနန်၊ ရှမ်းစော်ဘွားနယ်များ၊ လာအို၊ ယိုးဒယားအထိ ပိုင်စိုးခဲ့တဲ့ ဧကရာဇ်မင်းဖြစ်ပါတယ်။ ယခု တိုင်အောင် ယိုးဒယားများက ဘုရင့်နောင်ကို ကြည်ညိုချစ်ခင်လျက်ရှိပါတယ်။ အရပ်ဆယ်မျက်နှာ အောင်နိုင်သူလို့ တင်စားလေ့ရှိပါတယ်။ ဒါကတော့ အ.ထ.က(၂) နားမှာရှိတဲ့ နန်းတွင်းပုတ်တလုတ် ရေကန်ဖြစ်ပါတယ်။ ဒီဟာကလည်း ကျွန်တော်တို့ ကျူးကျော်အိမ်များနဲ့ ပြည့်နေတဲ့အတွက် ၁၉၉၂ ခုနှစ်က နဝတ အစိုးရလက်ထက်မှာ ဖယ်ရှားပြီးတော့ ပြန်လည်ဖော်ထုတ်ထားတဲ့ကန် ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ၁၈၅၂ ခုနှစ်၊ အင်္ဂလိပ်သိမ်းယူပြီးနောက်ပိုင်းမှာ တောင်ငူမှာ အင်္ဂလိပ်တွေ ဆောက်လုပ်ခဲ့တဲ့ ခံတပ်ကြီး ဖြစ်ပါတယ်။ တောင်ငူဘူတာနားမှာရှိတဲ့ အုတ်ရိုးကြီးဟာ ဒီခံတပ်ကြီး ဖြစ်ပါတယ်။ ၁၈၆၄ မှာ ဆောက်ခဲ့တယ်လို့ သိရပါတယ်။ ဒါဟာလည်း ရှေးဟောင်းအမွေအနှစ်တစ်ခု ဖြစ်တဲ့အတွက် ထိန်းသိမ်းသင့်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အဲဒီခံတပ်ရှိတဲ့ ခေတ်က ၁၈၇၉ က --------


တောင်ငူကြီးမြို့ဟောင်း ပျက်စီးနေသော မြင်ကွင်းပုံ (မမ)




AD 1510 ခုနှစ်တွင် မင်းကြီးညိုတည်ခဲ့သော ကေတုမတီ (တောင်ငူမြို့) ယခု တောင်ငူမြို့ မြင်ကွင်းပုံ (မမ-၁)



၁၈၆၄ ခုနှစ်တွင် အင်္ဂလိပ်တို့ တည်ဆောက်ခဲ့သော မြို့လေးခံတပ် တောင်ငူဘူတာရုံအရှေ့တွင် ရှိသည့် မြင်ကွင်းပုံ (မမ-၂)



**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၁။**

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်း ရဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ်မှာ ကျွန်တော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်းရဲ့ တောင်ငူကြီးမြို့ဟောင်းကို ရှေးဟောင်းယဉ်ကျေးမှု နယ်မြေအဖြစ်နဲ့ သတ်မှတ်ထိန်းသိမ်းရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့မှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက် ဦးစီးဌာနအနေနဲ့ ၂၀၁၅ ခုနှစ်၊ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေအရ တောင်ငူကြီးမြို့ဟောင်းသည် နှစ်ပေါင်း ရာကျော်သက်တမ်း ရှိပြီဖြစ်လို့မို့လို့ ရှေးဟောင်း အဆောက်အအုံများ တည်ရှိရာနေရာ ဖြစ်နေပါတယ်။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသ အဖြစ်နဲ့ ခုန ဇုန်နယ်နိမိတ်သတ်မှတ်ရာမှာ စံနှုန်းများ၊ ကန့်သတ်ချက်များစွာ ရှိနေပါတယ်။ လောလောဆယ် ဝန်ကြီးဌာနအနေနဲ့ တောင်ငူကြီးမြို့ဟောင်းကို ရှေးဟောင်းယဉ်ကျေးမှု နယ်မြေအဖြစ်နဲ့ သတ်မှတ်ရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အကယ်၍သက်ဆိုင်ရာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ဥပဒေနဲ့အညီ ကာကွယ်ထိန်းသိမ်းမှုများ ဆောင်ရွက်မည်ဆိုပါက ဝန်ကြီးဌာန အနေနဲ့ တတ်အားသမျှ ပူးပေါင်းပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းလည်း ဖြေကြားတင်ပြ လိုပါတယ်။

နံပါတ်နှစ် မေးခွန်းအနေနဲ့ လက်ရှိတောင်ငူမြို့မှာရှိတဲ့ ရှေးဟောင်းအဆောက်အအုံ ကျုံး၊ မြို့ရိုး၊ စေတီပုထိုး၊ ရေကန်များ၊ ခံတပ် ရှေးဟောင်းအမွေအနှစ်အဖြစ်နဲ့ ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့မှ တောင်ငူမြို့မှာရှိတဲ့ ကျုံး၊ မြို့ရိုး၊ စေတီပုထိုး၊ ရေကန်၊ ခံတပ်၊ ရှေးဟောင်းအဆောက်အအုံများဟာ သက်တမ်းရာကျော်နဲ့အထက်ရှိပြီ ဖြစ်လို့မို့လို့ ဥပဒေအရ ရှေးဟောင်းအဆောက်အအုံများ ဖြစ်ပါတယ်။ ဤဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနအနေနဲ့ နှစ်စဉ် ခွင့်ပြုရန်ပုံငွေရရှိမှု အနေအထားအပေါ် မူတည်ပြီးတော့မှ ရှေးဟောင်းအဆောက်အအုံ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

သို့သော်လည်းပဲ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာတော့ တောင်ငူဒေသမှာရှိတဲ့ ရှေးဟောင်း အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရန် ခွင့်ပြုရန်ပုံငွေ ပါဝင်ခြင်းမရှိသောကြောင့် ပြုပြင်ထိန်းသိမ်းရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ သို့သော်လည်းပဲ သက်ဆိုင်ရာဂေါပက အဖွဲ့များ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေနဲ့ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းပေးမည် ဆိုပါက ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေနဲ့အညီ စိစစ် ခွင့်ပြုပေးပြီးတော့မှ ဒီဝန်ကြီးဌာနအနေနဲ့ တတ်အားသမျှ ပူးပေါင်းကူညီဆောင်ရွက်မည် ဖြစ်ကြောင်း လည်း ဖြေကြားအပ်ပါတယ်။

နောက်ဆက်တွဲ မေးခွန်း နံပါတ်သုံးအနေနဲ့ တောင်ငူမြို့တွင် ရှေးဟောင်းသုတေသနဌာနခွဲ/ ပြတိုက်ဖွင့်လှစ်ရန် ရှိ/မရှိနှင့် ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ ဒီမေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ဤဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေနဲ့ တောင်ငူမြို့မှာ ဌာနခွဲ နဲ့ ပြတိုက် တည်ဆောက်ဖွင့်လှစ်ရန် ဖွဲ့စည်းပုံမရှိသေးပါ။ နောက်ပြတိုက်အတွက်လည်းပဲ မြေနေရာ၊ ပြတိုက်အဆောက်အအုံများလည်း မရှိသေးပါ။ သို့ပါ၍ လောလောဆယ်ကာလအတွင်းမှာတော့ဖြင့် ပြတိုက်ဖွင့်လှစ်ရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒီမေးခွန်း(၃)ခုနဲ့ ပတ်သက်ပြီးတော့မှ လွှမ်းခြုံကျွန်တော်တို့ ဖြေကြားတင်ပြလိုပါတယ်။ ကျွန်တော်တို့ ၂၀၁၄ ခုနှစ်က စပြီးတော့မှ ပျူမြို့ဟောင်း (၃)မြို့ဖြစ်တဲ့ ဟန်လင်း၊ သရေခေတ္တရာ၊ ဗိဿနိုး ဒီ(၃)မြို့ဟာ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင် ဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံနဲ့အမျိုးသားရေး ဂုဏ်သိက္ခာ လည်း မြင့်မားခဲ့ပါတယ်။ အလားတူပဲ ကျွန်တော်တို့ ၂၀၁၇ခုနှစ် ဒီနှစ်မှာ ပုဂံဒေသကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ် လာမယ့်နှစ်မှာ ရခိုင်မြောက်ဦးဒေသကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ်မှာ ရွှေတိဂုံစေတီတော်မြတ်ကြီး ကိုလည်းကောင်း ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းနိုင်ဖို့အတွက်ကို ကျွန်တော်တို့ အခု အားကြိုးမာန်တက်နဲ့ စီမံပြင်ဆင်နေတဲ့အချိန် ဖြစ်ပါတယ်။ အမှန်တော့ ဒီဒေသတွေကို လွန်ခဲ့တဲ့ ၁၉၉၅ လောက်ကတည်းကစပြီးမှ ကမ္ဘာ့အမွေအနှစ် စာရင်း ဝင်ဖို့အတွက်ကို ကြိုးပမ်းခဲ့တာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အဲဒီတုန်းက ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေ မရှိသေးခြင်း၊ အဲဒီတုန်းကရှိခဲ့တဲ့ နိုင်ငံရေးစနစ်ရဲ့ ကန့်သတ်ခြင်းတွေ ရှိခြင်းတို့ကြောင့်မို့လို့ ယူနက်စကိုနဲ့ ကမ္ဘာ့အဖွဲ့အစည်းတွေက လက်မခံခဲ့ပါဘူး။

အလားတူပဲ ကျွန်တော်တို့က ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းအတွက် ပြုစုသူပဲ။ ကျွန်တော်တို့ ကျန်တဲ့ဝန်ကြီးဌာနတွေကလည်းပဲ ခုန ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်း ကျွန်တော်တို့ World Natural Heritage ဝင်ဖို့အတွက်ကို ခါကာဘိုရာဇီဒေသ၊ အင်းလေးကန်ကြီး၊ အင်းတော်ကြီးကန်ကြီး၊ ပုပ္ပါးတောင် စသဖြင့် စီမံပြင်ဆင်လျက်ရှိနေပါတယ်။ သဘောကတော့ ကျွန်တော်တို့ ပျူမြို့ဟောင်း (၃)မြို့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်လာတဲ့အချိန်ကစပြီးမှ ပြည်သူတွေ နိုးကြားလာခဲ့ပါတယ်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖို့အတွက်ကို သူတို့ ဒေသတွေကိုလည်းပဲ သူတို့ အားကြိုးမာန်တက်နဲ့ တောင်းဆိုသံတွေလည်း ကျယ်ပြန့်လာနေပါတယ်။

သို့သော်လည်းပဲ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်တဲ့အခါမှာ ကျွန်တော်တို့ ကမ္ဘာ့ယူနက်စကိုအဖွဲ့ချုပ်ရဲ့ ကန့်သတ်ချက်များစွာ ရှိနေပါတယ်။ ရှိတော့ အဲဒီကန့်သတ်ချက်တွေကို ဒေသခံတွေကြိုတင်နားလည်ပြီးမှ လက်ခံနိုင်အောင် ကြိုတင်ပညာပေးရှင်းလင်းမှုတွေ ဦးစွာလုပ်သင့်ပါတယ်။ ခုန အိမ်ရာတွေရွှေ့ပြောင်းရတာ၊ စိုက်ပျိုးမြေတွေ ရွှေ့ပြောင်းရတာ အပါအဝင် ကျွန်တော်တို့ ခုန မလိုလားအပ်တဲ့ ဒုက္ခများကြုံတွေ့တဲ့အခါမှာ လျော်ကြေးများပေးရတဲ့ ကိစ္စလည်း ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့်မို့လို့ ကြိုတင်ပြီးမှ အသိပညာပေးရှင်းလင်းခြင်း၊ နောက် အောက်ခြေလူထုတွေရဲ့ သဘောဆန္ဒကိုရယူခြင်း၊ ပြီးမှ ကျွန်တော်တို့ မြေယာလျော်ကြေးတွေ ပေးဖို့အတွက်ကိုလည်း ဘဏ္ဍာငွေတွေ တွက်ချက်တောင်းခံခြင်း စတဲ့ အဆင့်ဆင့်လုပ်ငန်းတွေလုပ်ဖို့ လိုအပ်ကြောင်းကိုလည်း တင်ပြလိုပါတယ်။

တောင်ငူကြီးဒေသကို ရှေးဟောင်းယဉ်ကျေးမှု နယ်မြေအဖြစ်နဲ့ သတ်မှတ်မည်ဆိုခဲ့လို့ရှိရင် မြို့ရိုးအဟောင်းပေါ်မှာရှိနေတဲ့ ကေတုမတီ တောင်ငူဟာဆိုရင် ရထားလမ်းကြီး ရှိနေပါတယ်။ နောက်ပြီးတော့လည်း နေအိမ်တွေ၊ အဆောက်အအုံတွေလည်း ပြည့်ကျပ်နေပါတယ်။ ကျုံးပတ်လည်နဲ့ ကျုံးအတွင်းမှာလည်းပဲ အလားတူပဲ နေအိမ်တွေ၊ စိုက်ခင်းတွေနဲ့ ပြည့်ကျပ်နေပါတယ်။ သာသနိက အဆောက်အအုံများမှာလည်းပဲ သူ့ပတ်ဝန်းကျင်မှာ သတ်မှတ်ဧရိယာအတွင်းမှာ ကျွန်တော်တို့ ကျန်တဲ့ အဆောက်အအုံတွေမရှိဖို့လည်း ရှင်းလင်းဖယ်ရှားဖို့လုပ်တဲ့ လုပ်ငန်းတွေလည်း ပေါ်ထွန်းလာမှာဖြစ်ပါတယ်။ အဲဒါဆိုလို့ရှိရင် ကျွန်တော်တို့ ဒေသခံများအနေနဲ့ လိုက်နာနိုင်ခြင်းရှိ/မရှိကို ကျွန်တော်တို့ ကြိုတင်ပြီးမှ ဒေသခံပြည်သူလူထုရဲ့ သဘောထားကို မေးမြန်းခြင်း၊ ပညာပေးခြင်း စသည်တို့ ဘဏ္ဍာငွေ တွက်ချက်ခြင်း စသည့် လျော်ကြေးတို့ကိုလည်း လုပ်ရန်လုပ်ငန်းများစွာ ရှိနေပါတယ်။ ကျွန်တော်တို့ တကယ်တော့ တောင်ငူဒေသဟာ ဂုဏ်ယူဖွယ်ရာ တတိယမြန်မာနိုင်ငံတော်ကြီး စတင်ပေါ်ထွန်းခဲ့တဲ့ ဒေသဖြစ်လို့ သမိုင်းကြောင်းအစဉ်အလာ လွန်စွာကြီးမားပါတယ်။ ဒါကို ကျွန်တော်တို့ ယဉ်ကျေးမှုအမွေအနှစ် စာရင်းကနေပြီးမှ ကမ္ဘာ့အဆင့်ဝင်တဲ့အဆင့်တောင်မှ တင်သွင်းရန် ထိုက်တန်တဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။

သို့သော်လည်း ကန့်သတ်ချက်များနဲ့ ခုန လုပ်ရမယ့် လုပ်နည်းစဉ်တွေက များစွာရှိတဲ့ အတွက်မို့လို့ အဆင့်ဆင့်ဆောင်ရွက်ဖို့လိုအပ်နေကြောင်း ကျွန်တော် ဖြေကြားလိုပါတယ်။ လောလောဆယ် တော့ဖြင့် ရှေးဟောင်းသုတေသနဌာနခွဲ တစ်ခု ဖွင့်လှစ်နိုင်ဖို့အတွက်ကို ကျွန်တော်တို့ ခုန တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေပါဝင်တဲ့ အဖွဲ့တစ်ဖွဲ့ ဖွဲ့ပြီးတော့မှ ဦးစွာကွင်းဆင်းလေ့လာစုံစမ်းပြီးမှ ဒေသဆိုင်ရာ

အုပ်ချုပ်ရေး အဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**သဘာဝဓာတ်ငွေ့ (CNG Compressed Natural Gas) များကို ရန်ကုန်မြို့ရှိ CNG ဆိုင်များသို့ Network ဖြင့် လူနေအိမ်ခြေ ရပ်ကွက်၊ ဈေး၊ တံတားများပေါ်မှ ဖြတ်သန်းဖြန့်ဝေရာ မည်သို့စံနှုန်းမီ ပိုက်များသုံး၍ အန္တရာယ် မရှိအောင် စနစ်တကျ တပ်ဆင်ထားမှု ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး က သဘာဝဓာတ်ငွေ့ (CNG Compressed Natural Gas) များကို ရန်ကုန်မြို့ရှိ CNG ဆိုင်များသို့ Network ဖြင့် လူနေအိမ်ခြေ ရပ်ကွက်၊ ဈေး၊ တံတားများပေါ်မှ ဖြတ်သန်းဖြန့်ဝေရာမည်သို့ စံနှုန်းမီ ပိုက်များသုံး၍ အန္တရာယ် မရှိအောင် စနစ်တကျ တပ်ဆင်ထားမှု ရှိ/မရှိ သိရှိလိုခြင်း နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲမြင့်စိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ CNG ဓာတ်ငွေ့များကို ရန်ကုန်မြို့အတွင်းရှိ CNG ဆိုင်များသို့ Network ကွန်ရက်ဖြင့် ဖြန့်ဝေနေရာ လူနေအိမ်ခြေ ရပ်ကွက်၊ ဈေး၊ ဝန်းကျင်တံတားများပေါ်မှ ဖြတ်သန်းနေသည်ကို တွေ့ရှိရပါတယ်။ မိမိ၏ မဲဆန္ဒနယ်မြေဖြစ်သော သန်လျင်မြို့နယ်အတွင်းတွင်လည်း CNG Gas ပိုက်လိုင်းများ မြှုပ်နှံထားကြောင်းသိရှိရပါတယ်။ မည်သည်ကို မည်သို့ Safety System များ တပ်ဆင်ထား၍ ဖြန့်ဖြူးနေသည်။ အကယ်၍များ လူနေရပ်ကွက်အတွင်း ပိုက်လိုင်းပြတ်ထွက်ခြင်း (Pipe Rupture) သို့မဟုတ် ယိုစိမ့်မှု (Leakage) ဖြစ်ပေါ်ခဲ့သော မည်သည့် Alarm System များ တပ်ဆင်ထားသည်။ မည်ကဲ့သို့ ချက်ချင်း Immediate Response ယူရမည်ဟု မည်သူမျှ မသိကြပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ဒီ CNG ပိုက်လိုင်းများသည် ပြတ်ထွက်ဖူး၊ ယိုစိမ့်ဖူးသည့် သာဓကများ ရှိပါသည်။ ပူးတွဲပါ သတင်းဖြတ်ပိုင်းပုံများအရ ၂၀၁၂ ခုနှစ်၊ မေလ ၅ ရက် ထန်းတပင်မြို့နယ်အတွင်းမှာ ပိုက်လိုင်းပြတ်ထွက်ခဲ့ပါတယ်။ ကံအားလျော်စွာ ကွင်းပြင်အတွင်းမှာ ဖြစ်ပေါ်တဲ့ ဖြစ်ရပ်ဖြစ်တဲ့အတွက်ကြောင့် ထိခိုက်မှု မရှိခဲ့ပါ။ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၁ ရက် ရွှေလင်ပန်းစက်မှုဇုန်မှာ မြေတူးစက်ကြောင့် ပိုက်လိုင်းပြတ်ထွက်ပြီးတော့ မီးလောင်ခဲ့ပါတယ်။ ဖြစ်ပွားပုံကတော့ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုက အမှိုက်နဲ့ ချုံတွေရှင်းလင်းရင်း မြောင်းတူးဖော်စဉ် မြေတူးစက်ဖြင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား ထိခိုက်မိရာမှ မီးထလောင်ခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါ မီးလောင်မှုကြောင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး မီးဟပ်ခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရပါတယ်။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ ရွှေပြည်သာမြို့နယ်မှာ ပိုက်လိုင်းယိုစိမ့်မီးလောင်ခြင်း။ ဖြစ်ပုံမှာ အဆိုပါကျေးရွာ သံဖြူကားမှတ်တိုင်အနီးရှိ အမှတ်(၄) လမ်းမကြီးဘေးတွင် သွယ်တန်းထားသော အဖျောက်မှ ရွှေပြည်သာသို့ Gas ပို့လွှတ်သည့် (၁၀)လက်မ Gas ပိုက်လိုင်း အဆက်နေရာမှ Gas များ ပေါက်ထွက်၍ အပေါ်ရှိ လျှပ်စစ်ကြိုးဖြင့် ထိတွေ့ရာမှာ မီးလောင်မှု ဖြစ်ပွားကြောင်း သိရှိရပါတယ်။ အဆိုပါ ဖြစ်ပွားမှုကြောင့် အနီးရှိဂိုဒေါင်ဟောင်းတစ်လုံးနဲ့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မီးလောင်ခဲ့ပြီး ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရှိရပါတယ်။

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် တောင်ဥက္ကလာပမြို့နယ်၊ က.ည.န ရုံးအနီးမှာ CNG ယိုစိမ့်ရာမှ ကားသုံးစီး မီးလောင်ခြင်း။ အဲဒီနေ့က Gas ပိုက်လိုင်းပေါက်နေတဲ့ နေရာကို လျှပ်စစ်မီတာဘောက်က မီးပွားလွင့်စဉ်လာရာကနေပြီးတော့ မီးလောင်ပြီး ကားသုံးစီး မီးလောင်သွားပါတယ်။ အဲဒီတော့ ပထမနေ့ကတည်းက Gas အနံ့နံနေတယ်ဆိုတာကိုတော့ သိတယ်။ Gas ပိုက်လိုင်းပေါက်တယ်လို့ သူတို့က မထင်ဘူး။ ကားတွေကနေပြီးတော့မှ Gas အနံ့နံတယ်ဆိုပြီးတော့မှ ယူဆတယ်။ နောက်တစ်နေ့ကျတော့ ခေတ်တိုင်မှာ တပ်ဆင်ထားတဲ့ ဒီဂျစ်တယ်မီတာကနေပြီးတော့ မီးပွားလွင့်စဉ်ပြီးတော့ Gas ပိုက်ပေါ်ကို ကျမှ အဲဒီ Gas တွေက အနားပတ်ဝန်းကျင်မှာရှိတဲ့ ကားတွေအောက်မှာ အငွေ့ပျံနေတဲ့ အတွက်ကြောင့် အရှိန်နဲ့ပျံ့ပြီးတော့မှ မီးလောင်မှု ဖြစ်ပါတယ်။

အထက်ပါ ဖြစ်စဉ်များကို ကြည့်မယ်ဆိုလို့ရှိရင် စနစ်တကျလုပ်ဆောင်သွယ်တန်းမှုများကို ပြန်လည်စိစစ်ပေးစေလိုပါတယ်။ ရေရှည်တွင် စံများသတ်မှတ်ပြီး တာဝန်ယူထိန်းကွပ်ပေးနိုင်မည့် လက်တွေ့မြေပြင်တွင် စံနှုန်းများနဲ့အညီ လုပ်/မလုပ် စစ်ဆေးအတည်ပြုပေးနိုင်မည့် (Institution) များ၊ ပျက်ကွက်လျှင် အရေးယူပေးနိုင်မည့် ဥပဒေများ ရှိ/မရှိ သိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

၂၀၁၂ ခုနှစ်၊ ဇွန်လ (၁၁) ရက်၊ ရွှေလင်ပန်းစက်မှုဇုံတွင် မြေတူးစက်ကြောင့် ပိုက်လိုင်းပြတ်ထွက် မီးလောင်ခဲ့သည့် မြင်ကွင်းပုံ (ယယ)


8 Weekly ELEVEN Myanmar News (June 15-2012)

ရွှေလင်ပန်းစက်မှုဇုန်အတွင်းရှိ ဆိပ်ကမ်းသာလမ်း၌ သဘာဝဓာတ်ငွေ့ပိုက်လိုင်း
မီးလောင်မှုဖြစ်ပွားပြီး ရုံးခန်းတစ်ခန်း မီးလောင်ပျက်စီး

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက် ရွှေပြည်သာမြို့နယ် ပိုက်လိုင်းယိုစိမ့် မီးလောင်ခဲ့သည့် မြင်ကွင်းပုံ (ယယ-၁)


၁၄ | ကြေးမုံ

မှုခင်း (28-02-2016)

ရွှေပြည်သာမြို့နယ်တွင် ဂက်စ်ပိုက်လိုင်းယိုစိမ့်ရာမှ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်၊ ကညနရုံးအနီး CNG ယိုစိမ့်ရာမှ ကားသုံးစီး မီးလောင်ခဲ့သည့် မြင်ကွင်းပုံ (ယယ-၂)



ဂက်(စ်)ပိုက်ပေါက်သည့်နေရာသို့ လျှပ်စစ်မီးပွားလွင့်စဉ်ရာမှ ကားသုံးစီးမီးလောင်

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၄။**

**ဒေါက်တာထွန်းနိုင် (ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်စိုး မေးမြန်းသည့် မေးခွန်းနှင့် ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက CNG စီမံကိန်းကို ၂၀၀၄ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့ပြီး CNG ဆိုင်များနှင့် ပိုက်လိုင်းကွန်ရက်ကို စတင်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ရန်ကုန်မြို့အတွင်းရှိ CNG အရောင်းဆိုင် (၄၂)ဆိုင်သို့ ဆက်သွယ်ထားသော (၄)လက်မနှင့် (၆)လက်မ အရွယ်အစားရှိ ပိုက်လိုင်းအရှည်ပေါင်း စုစုပေါင်း (၅၀.၆၈)မိုင်အား တည်ဆောက်ကာ CNG ဓာတ်ငွေ့များ ဖြန့်ဖြူး ပေးလျက်ရှိပါတယ်။

လက်ရှိအခြေအနေမှာ အဆိုပါ CNG ဆိုင်များသို့ ညောင်တုန်း၊ မအူပင်ဒေသနှင့် အဖျောက်ရေနံမြေများမှ ရှာဖွေတွေ့ရှိတဲ့ သဘာဝဓာတ်ငွေ့များကို ပို့လွှတ်ကာ ဖြန့်ဖြူးပေးလျက် ရှိတာဖြစ်ပါတယ်။ CNG စီမံကိန်းများက ရန်ကုန်တိုင်းဒေသအတွင်းမှာရှိသော ခရီးသည်တင်ယာဉ်

(၇၃၇၄)စီး၊ တက္ကစီအငှားယာဉ်(၁၃၄၃၄)စီး၊ စီးပွားရေးလုပ်ငန်းသုံးယာဉ် (၃၀၁၄)စီး၊ ကုန်စည်ပို့ဆောင်ရေးယာဉ် (၁၃၉၉)စီး အပါအဝင် ယာဉ်စီးရေစုစုပေါင်း (၂၆၉၇၁)စီးတို့အတွက် လိုအပ်သော လောင်စာဓာတ်ငွေ့ကို ပံ့ပိုးပေးခြင်းအားဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍကို အထောက်အပံ့ပေးကာ ပြည်ပမှ ဓာတ်ဆီ၊ ဒီဇယ်ဆီများ တင်သွင်းရမှုပမာဏ လျှော့နည်းရေးအတွက် တစ်ဖက်တစ်လမ်းကနေ ကူညီဆောင်ရွက်နေတဲ့အစီအစဉ် ဖြစ်ပါတယ်။

ရန်ကုန်မြို့အတွင်းရှိ CNG ပိုက်လိုင်းများ စတင်တည်ဆောက်သည့် အချိန်ကပင် Tensile Strength ပေါင်(၄၂၀၀၀) အနည်းဆုံးရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းလုပ်ငန်းသုံး အမေရိကန် Standard အားဖြင့် API 5L, Grade X - 42 အမျိုးအစားပိုက်များကို အသုံးပြုကာ သွယ်တန်းခဲ့တာ ဖြစ်ပါတယ်။ ပိုက်လိုင်း ဒီဇိုင်းနှင့် တည်ဆောက်တဲ့ စနစ်မှာလည်း အမေရိကန် ဓာတ်ငွေ့ပိုက်လိုင်းစံ ASME B31.8 ကို အသုံးပြု၍ တည်ဆောက်ထားတာဖြစ်ပြီး ပိုက်များကို ဆက်ရာမှာ နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ကိုင်ဆောင်ထားသော Certified Welder များဖြင့် ပိုက်ဆက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိတာ ဖြစ်ပါတယ်။

ယခုအခါ သက်တမ်းကြာမြင့်ပြီး ယိုယွင်းလာတဲ့ ပိုက်အပိုင်းများကို နှစ်စဉ် ဘဏ္ဍာငွေလျာထား၍ သံချေးစားမှုဒဏ်ခံနိုင်ရည် ပိုမိုအားကောင်းသော 3 Layer Polyethylene Coating အုပ်ထားသည့် ပိုက်များဖြင့် အစားထိုးလဲလှယ်လျက်ရှိပါတယ်။ မြေအောက်တွင် ချမြုပ်ထားသော ပိုက်များကို မတော်တဆတူးဆွမိသည့် အန္တရာယ်များမှ ရှောင်ရှားနိုင်ရန်အတွက် ပိုက်လိုင်းမြှုပ်ထားသည့် နေရာများတွင် ပိုက်လိုင်းနေရာပြ အမှတ်အသားတိုင်များ စိုက်ထူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ အဆိုပါ Power Point မှာ ပိုက်လိုင်း ချမြုပ်ထားသည့် နေရာများတွင် အမှတ်အသားငုတ်တိုင်များ စိုက်ထားခြင်းကို တင်ပြထားတာ ဖြစ်ပါတယ်။ ပိုက်စနစ်တစ်ခုလုံးအား တစ်ပြိုင်နက် ပြုပြင်ရန်ကိစ္စမှာ CNG ဆိုင်များအားလုံးသို့ ဓာတ်ငွေ့ပို့လွှတ်မှုများကို ရပ်ဆိုင်းထားနိုင်ရန် မဖြစ်နိုင်ခြင်းဆိုတဲ့ ကန့်သတ်ချက် ရှိသကဲ့သို့ နှစ်စဉ်ခွင့်ပြုတဲ့ ဘဏ္ဍာငွေ ရရှိမှုအပေါ် မူတည်၍သာ ပိုက်လိုင်းများ အသစ်အစားထိုး လဲလှယ်ခြင်းများကို ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။

CNG ဆိုင်များသို့ ပိုက်လိုင်းကွန်ရက်များ စတင်တည်ဆောက်ခဲ့စဉ်က ရန်ကုန်တိုင်း ဧရိယာအတွင်း အချို့မြို့နယ်များတွင် လူနေအိမ်ခြေရပ်ကွက်များမရှိဘဲ လမ်းဧရိယာနှင့်ကပ်လျက် ပိုက်လိုင်းများကို ဆက်သွယ်တည်ဆောက်ထားခဲ့တာဖြစ်ပြီး ယခု နောက်ပိုင်းကာလတွင်မှ တိုးတက်များပြားလာတဲ့ လူဦးရေများရဲ့ တိုးချဲ့နေထိုင်မှုအရ ရပ်ကွက်များ တိုးချဲ့ပေါ်ပေါက်လာပြီး ပိုက်လိုင်းများဟာ ရပ်ကွက်များအတွင်းကို ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။ အများပြည်သူ အန္တရာယ်ကင်းရှင်းရေး အတွက် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဝန်းကျင်မှာ သိရှိလိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်များကိုလည်း ပိုက်လိုင်းဖြတ်သန်းရာ မြို့နယ်အတွင်းရှိ မြို့နယ်များမှာ အသိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ Power Point မှာတင်ပြထားတာဖြစ်ပါတယ်။ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့်

တိုင်းဒေသကြီးများတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများနှင့် ချိတ်ဆက်၍ ရှင်းလင်းတင်ပြခြင်းစတဲ့ Public Awareness လုပ်ငန်းများကိုလည်း ဆောင်ရွက်ထားကာ အဆိုပါ ဆိုင်းဘုတ်များ၊ လက်ကမ်းစာစောင်များမှာ အရေးပေါ်ဆက်သွယ်ရမယ့် ဖုန်းနံပါတ်များကိုလည်း ထည့်သွင်းဖော်ပြထားတာ ဖြစ်ပါတယ်။

ရွှေပြည်သာရှိ ပိုက်လိုင်းအခြေစိုက်စခန်းမှ ရန်ကုန်မြို့တွင်း CNG ပိုက်လိုင်းများအား Gas Detector များ အသုံးပြု၍ အပတ်စဉ် လှည့်လည်စစ်ဆေးလျက်ရှိပြီး လိုအပ်သည်များကို ချက်ချင်းပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်။ အများပြည်သူနှင့် ဒေသဆိုင်ရာဌာနများက ပိုက်လိုင်းယိုစိမ့်မှုများကို သတင်းပေးပို့လာပါကလည်း အချိန်နှင့်တစ်ပြေးညီ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ CNG ဆိုင်တိုင်းရှိ ဆိုင်တာဝန်ခံနှင့် ဝန်ထမ်းများအားလည်း သက်ဆိုင်ရာ ဆိုင်အလိုက် အရေးပေါ်အခြေအနေတွင် ပိတ်ရမည့် Valve များနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် များကို ရှင်းလင်းသင်ပြထားပြီး ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိပါတယ်။

ကိုယ်စားလှယ်ကြီး တင်ပြသွားသည့် က.ည.န ရုံးအနီး၌ မီးလောင်မှုဖြစ်စဉ်မှာ ဂျာနယ်များတွင် ပါရှိသည့် သတင်းများအတိုင်းမဟုတ်ဘဲ ကုန်ကားတစ်စီးက ကားအား နောက်ဆုတ်စဉ် ဓာတ်တိုင်အားဝင်တိုက်ရာမှ မီးလောင်မှု ဖြစ်စဉ် ဖြစ်ခဲ့တာသာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရွှေပြည်သာနှင့် ဖူးကြီးပိုက်လိုင်းစခန်းတို့တွင်လည်း အရေးပေါ် ပိုက်လိုင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် (၂၄)နာရီ ဆောင်ရွက်နိုင်ရန် ဝန်ထမ်းများအား အဆိုင်း(၂)ဆိုင်းခွဲ၍ တာဝန်ချထားပြီး ပိုက်လိုင်းယိုစိမ့်မှု၊ မတော်တဆမှုဖြစ်ပေါ်ပါက ချက်ချင်းအရေးယူဆောင်ရွက်နိုင်ရန် စီမံထားရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ မေးမြန်းခွင့်ပြုပါ။ ဝန်ကြီးခင်ဗျား။ ကျွန်တော်တို့ သံလျင်မြို့နယ်အတွင်းမှာတော့ ခုနက Gas Line တည်ရှိတဲ့နေရာ၊ အမှတ်အသားတွေနဲ့ အန္တရာယ်ကိုပြမယ့်နေရာတွေကို အမှတ်အသားပြုတဲ့ အမှတ်အသားတွေ ဘာမှမရှိသေးပါဘူး။ အဲဒါကို ဆက်ပြီးတော့ ဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိ/မရှိသိလိုပါတယ်ခင်ဗျား။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ ကိုယ်စားလှယ်ကြီးရဲ့ ထပ်ဆင့်မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ မှတ်သားသွားပါ့မယ်။ ကျွန်တော်တို့ သက်ဆိုင်ရာ ရန်ကုန်တိုင်းဒေသမှာ CNG ဓာတ်ငွေ့ဖြန့်ဖြူးတဲ့ဌာနက ဝန်ထမ်းများအား နယ်မြေကို ကွင်းဆင်းစစ်ဆေးကြည့်ပြီး အကယ်၍ လိုအပ်ချက်များ ရှိနေသေးပါက ကျွန်တော်တို့ ချက်ချင်းအရေးယူ ဆောင်ရွက်ပြီး အမှတ်အသားတိုင်များ စိုက်ထူပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ ယနေ့မြန်မာနိုင်ငံရှိ မြို့ကြီးအတော်များများ၌ စီးပွားဖြစ်ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော်စည်ပင် သာယာရေးကော်မတီမှ လိုင်စင်ခံယူထားပြီး ကလေးအားကစားကွင်း (Amusement Center)ဟု သဏ္ဌာန်ဆောင်အမည်ပြု၍ ပြည်ပမှ တင်သွင်းလာသော စက်ကိရိယာများဖြင့် ခေတ်ပေါ် လောင်းကစားနည်းမျိုးစုံပါဝင်သော အကြွေစေ့သုံး လောင်းကစားအဆင့်ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လာကြသည့်အတွက် လောင်းကစားလိုသူ ကျောင်းသား၊ လူငယ်လူရွယ်၊ လူလတ်မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့်စာရိတ္တပါ ထိခိုက်ပျက်ပြားလာနေသောကြောင့် မြို့များနေ မိဘပြည်သူတို့မှာ ရတက်မအေး စိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြပါသည်။ ယင်းသို့ အကြွေစေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ်ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီလုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း အဆို တင်သွင်းထားတဲ့ ယနေ့မြန်မာနိုင်ငံရှိ မြို့ကြီးအတော်များများ၌ စီးပွားဖြစ်ဂိမ်း (Game)ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော်စည်ပင်သာယာရေးကော်မတီမှ လိုင်စင်ခံယူထားပြီး ကလေးအားကစားကွင်း (Amusement Center)ဟု သဏ္ဌာန်ဆောင် အမည်ပြု၍ ပြည်ပမှတင်သွင်းလာသော စက်ကိရိယာများဖြင့် ခေတ်ပေါ် လောင်းကစားနည်းမျိုးစုံ ပါဝင်သော အကြွေစေ့သုံး လောင်းကစား အဆင့်ဂိမ်း (Game) ဆိုင်များ ဖွင့်လှစ်လာကြသည့်အတွက် လောင်းကစားလိုသူ ကျောင်းသား၊ လူငယ်လူရွယ်၊ လူလတ်မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့်စာရိတ္တပါ ထိခိုက်ပျက်ပြားလာနေသောကြောင့် မြို့များနေ မိဘပြည်သူတို့မှာ ရတက်မအေး စိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြပါသည်။ ယင်းသို့ အကြွေစေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ် ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီ လုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်ရှားမူ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၂။**

**ဒေါ်ရှားမူ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ ကျွန်မဒီကနေ နှုတ်ခွန်းဆက်သ ဂါရဝပြုလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ဖရူဆိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရှားမူ

ဖြစ်ပါတယ်ရှင်

စေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ် ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီလုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံဟာ စနစ်သစ်နဲ့ တိုင်းပြည်ကို ပြန်လည်တည်ဆောက်နေချိန် ဖြစ်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ အကြံပြုချက်ထဲတွင်ပါဝင်တဲ့ လူ့စွမ်းအားအရင်းအမြစ်အပေါ်အခြေပြုပြီး တိုင်းပြည်တည်ဆောက်ရမှာ ဖြစ်တယ်ဆိုတဲ့အတိုင်း လူငယ်လူရွယ်တွေဟာ တိုင်းပြည်အတွက် လွန်စွာမှ အဖိုးထိုက်တန်သူများ ဖြစ်ပါတယ်။ ဒီ တိုင်းပြည်တည်ဆောက်ရာမှာ နိုင်ငံရေး၊ စီးပွားရေးစတဲ့ အပေါ်ထပ်အဆောက်အအုံတွေထက် အောက်ခြေ (Foundation) ဖြစ်တဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာကဏ္ဍမှာ အရေးအကြီးဆုံးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုတင်သွင်းတဲ့ အကြွေစေ့ လောင်းကစားဆိုင်များဟာ ကျွန်မ မဲဆန္ဒနယ်မြေမှာ မရှိပါဘူးရှင်။ ကျွန်မအနေနဲ့ အခုလို ထောက်ခံ ဆွေးနွေးရခြင်းမှာ မြို့ကြီးတွေမှာ ဒီလောင်းကစားမှုတွေကို ခွင့်ပြုတယ်ဆိုရင် နောက်ပိုင်းမြို့နယ် အငယ်တွေကိုပါ တစ်စတစ်စပျံ့နှံ့သွားနိုင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ယခုကလည်း ဘောလုံး၊ ယခင်ကလည်း ဘောလုံးအားကစားခြင်း၊ လောင်းကစားခြင်း၊ နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားခြင်းများဟာ မြန်မာတစ်နိုင်ငံလုံးမှာ တစ်ဟုန်ထိုးပျံ့နှံ့သွားပြီး ကလေး၊ လူကြီး၊ ကျား၊ မ မရွေး အများစုမှာ မလုပ်ရရင် မနေနိုင်အောင် စွဲလမ်းလုပ်ဆောင်ခဲ့တာ (၁၀)စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါတယ်။ ယခုအစိုးရလက်ထက်မှာ အဆိုပါလောင်းကစားတွေကို နှိမ်နင်းနိုင်လို့ ပျောက်ကွယ်လုနီးပါးဖြစ်သွားပေမယ့် အခုလို အကြွေစေ့လောင်းကစားခြင်းကိုလည်း တာဝန်ရှိသူများမှ ခွင့်ပြုနေခြင်း၊ မသိယောင်ဆောင်ပေးနေခြင်းဆိုရင်တော့ လူ့အဖွဲ့အစည်းတစ်ခုမှာ မလိုလားအပ်တဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေ ဆက်ဖြစ်နေဦးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အကြွေစေ့ လောင်းကစားမှုနဲ့ ပတ်သက်ပြီး ဒီ လောင်းကစားမှု ရှိနေတဲ့ ကရင်ပြည်နယ်၊ မြဝတီမြို့မှ ဖြစ်စဉ်အချို့ကို ဥပမာပေးစေလိုပါတယ်။ မြဝတီမြို့မှာ ငါးဂိမ်းလို့ခေါ်တဲ့ လောင်းကစားရုံတွေကို ဖမ်းဆီးနိုင်အောင် လူထုလောင်းကစား ဖမ်းဆီးရေးအဖွဲ့တွေ ဖွဲ့စည်းခွင့်ပေးဖို့ ဒေသခံပြည်သူ(၁၀၀)ကျော်က ဆွေးနွေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးကို တောင်းဆိုပါတယ်။ ဒီ အချက်ကို ကြည့်ခြင်းအားဖြင့် အကြွေစေ့လောင်းကစားခြင်းတွေ ရှိနေခြင်းဟာ လူထုကို ဘယ်လောက် ဒုက္ခပေးနေသလဲဆိုတာ မြင်သာနိုင်ပါတယ်။ သက်ဆိုင်ရာ တိုင်ကြားသော်လည်း မဖမ်းတာကြောင့် မြဝတီမြို့မှာ ဂိမ်းဆိုင်တွေ တစ်စတစ်စပိုတိုးလာပြီး ဆိုင်ပေါင်း(၁၀၀)ကျော်အထိ ဖြစ်သွားတယ်လို့ သိရှိရပါတယ်။ ပိုင်ရှင်တွေကတော့ တရုတ်လူမျိုးဖြစ်ပြီး တရားဝင်လား၊ မဝင်လား ပြည်သူတွေ မသိကြပါဘူး။ အဲဒီဂိမ်းဆိုင်တွေကြောင့် မြဝတီမြို့မှာ လူမှုရေးပြဿနာတွေ ဖြစ်နေသလို ခိုးမှု၊ လုယက်မှု၊ လူသတ်မှုတွေများ နေတယ်လို့ ကြားသိနေရပါတယ်။

ဒါကြောင့် အကြွေစေ့နဲ့ လောင်းကစားခြင်းကို အခြားလောင်းကစားမှုများကဲ့သို့ ထိထိရောက်ရောက် အရေးယူဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။ ဒါကို မဆောင်ရွက်နိုင်ရင် တိုင်းပြည်ရဲ့ ရတနာက လောင်းကစားခြင်းရဲ့ သားကောင်ဘဝကို ရောက်ရှိသွားနိုင်တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။

ဖြစ်သွား တာမို့ ထိထိရောက်ရောက် အရေးယူနိုင်ဖို့ အဆိုကို ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၅၆။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း တင်သွင်းထားတဲ့ အဆိုကို ကျွန်တော့် အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ အဆိုအရ ကျွန်တော်တို့ မြန်မာနိုင်ငံရှိ မြို့ကြီးတော်တော်များများမှာ ကလေးသူငယ်များအတွက် ရယ်မောရွှင်ပျစေမယ့် အားကစားကွင်း (Amusement Center) ဆိုပြီးတော့ စည်ပင်သာယာရေးကော်မတီမှာ လိုင်စင်လျှောက်ထားရယူကာ အကြွေစေ့သုံး လောင်းကစားတဲ့ ဂိမ်းဆိုင်များကို ဖွင့်လှစ်လုပ်ကိုင်နေတယ်ဆိုတဲ့ အချက်ဟာ မှန်ကန်ပါတယ်။ ကျွန်တော်တို့ ဟင်္သာတမြို့မှာလည်း ငါးမန်းဂိမ်းတွေ ရှိနေပါတယ်။ လိုင်စင်အရသာ ကလေးအားကစားကွင်းလို့ ဆိုပေမယ့် တကယ်တမ်းမှာ ကျောင်းသား၊ လူငယ်လူရွယ်တွေအတွက် လောင်းကစားကွင်းဖြစ်နေတာ အမှန်ပါပဲ။

ဒီလိုဂိမ်းဆိုင်တွေကြောင့် လာရောက်ကစားကြတဲ့ လူငယ်လူရွယ်တွေ ပါလာတဲ့ငွေကုန်တဲ့ အပြင် ဆွဲကြိုးတွေ၊ နာရီတွေ၊ လက်စွပ်တွေ၊ စီးလာတဲ့ ဆိုင်ကယ်ကအစ ကုန်ဆုံးသွားတယ်ဆိုပြီးတော့ ဒီလိုသတင်းတွေ ခဏခဏ ကျွန်တော်တို့ ကြားသိနေရပါတယ်။ ဒီလိုသိလို့ တာဝန်ရှိတဲ့သူတွေကို လှမ်းပြီးတော့ အကြောင်းကြားတဲ့အခါမှာလည်းပဲ ခဏသာရပ်သွားပေမယ့် တော်ကြာ ပြန်ပေါ်လာတာ ပါပဲ။ အဓိကပြဿနာက ကျွန်တော်တို့ရဲ့ အနာဂတ်မျိုးဆက်သစ်လူငယ်တွေ စာရိတ္တပျက်ပြားတာ၊ မိသားစုပြဿနာနဲ့ ခိုးဆိုးလုယက်ကိစ္စတွေဟာ ဆက်စပ်ဖြစ်ပေါ်နေတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ထုတ်ပြန်ချက်အရ ၂၀၁၆ ခုနှစ်အတွင်းမှာ တစ်နိုင်ငံလုံး အတိုင်း အတာနဲ့ လောင်းကစားမှုပေါင်း (၂၃၇)မှု ဖမ်းဆီးရမိတယ်။ တရားခံ (၅၉၀)ဦးကို ဖမ်းဆီးအရေးယူ ခဲ့တယ်လို့ ဆိုပါတယ်။ ဖမ်းဆီးရမိတဲ့ လောင်းကစားမှုတွေမှာ နှစ်လုံးထီ(၉၆)မှု၊ ချဲထီ(၃၅)မှု၊ ဖဲမှု(၅၂)မှု၊ ခြောက်ကောင်ဂျင်(၁)မှုနဲ့ အခြားအမှု စုစုပေါင်း(၅၃)မှု၊ စုစုပေါင်း ပေါင်းလိုက်မယ်ဆိုရင် (၂၃၇)မှုလို့ သိရှိရပါတယ်။ ဒီအထဲမှာ ဂိမ်းလောင်းကစားလို့ ဖမ်းဆီးရမိတာတော့ ဘယ်နှစ်မှုရှိတယ်ဆိုတာ ဖော်ပြ ထားတာ မတွေ့ရပါဘူး။ စုစုပေါင်း ဖမ်းဆီးရမိတဲ့ အမှုပေါင်း (၂၃၇)မှုမှာ ရန်ကုန်တိုင်းဒေသကြီးက (၆၈)မှုနဲ့ အများဆုံး ဖမ်းဆီးရမိပြီးတော့ ကျွန်တော်တို့ ဧရာဝတီတိုင်းက ဒုတိယအများဆုံး လောင်းကစားမှု (၂၉)မှု ဖမ်းဆီးရမိတယ်လို့ ဆိုထားပါတယ်။

ကျွန်တော်တို့ ဧရာဝတီတိုင်းဟာ မြို့နယ်ပေါင်း(၂၆)မြို့နယ် ရှိတာမှာ ၂၀၁၆ ခုနှစ် တစ်နှစ်လုံး မှာမှ (၂၉)မှုသာ ဖမ်းဆီးရမိတယ်ဆိုတာ ပျမ်းမျှတစ်မြို့နယ် တစ်နှစ်ကို လောင်းကစားမှု တစ်မှုလောက်သာ ဖမ်းဆီးရမိတယ်ဆိုတဲ့ သဘောမျိုးဖြစ်နေတာ တွေ့ရပါတယ်။ ဒီလောင်းကစားမှု(၂၉)မှုဆိုတာ ကျွန်တော်တို့ ဟင်္သာတမြို့လို ခရိုင်မြို့ကြီး တစ်မြို့တည်းမှာ ဖမ်းရင်တောင် ရနိုင်တဲ့ အရေအတွက်လောက်ပဲ ရှိပါတယ်။ ရုပ်ရှင်မင်းသားကြီး ကျော်ဟိန်း ပြောသလို ချဲတစ်ခေတ်မှာ ရဲမဖြစ်တာနာတယ် ဆိုတဲ့ စကားလို လိုင်းကြေးပေးပြီးတော့ လောင်းကစားတဲ့ သူတွေကို လျစ်လျူရှုထားသလားလို့ မေးခွန်းမေးရမလို ဖြစ်နေပါတယ်။ တာဝန်ရှိတဲ့ အဖွဲ့အစည်းတွေက အဂတိတရား ကင်းရှင်းစွာနဲ့ တာဝန်သိသိ သစ္စာရှိရှိ လုပ်ကိုင်ကြမယ်ဆိုရင် ဖမ်းဆီးရမိတဲ့ လောင်းကစားမှု အရေအတွက်ဟာ ဒီထက်အဆတစ်ရာမက များလာနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ဦးအောင်သိန်းရဲ့ အဆိုအရ လောင်းကစားမှု ပြုလုပ်တဲ့ ဂိမ်းဆိုင်တွေဟာ သက်ဆိုင်ရာ အဖွဲ့အစည်းထံမှာ လိုင်စင်ယူပြီး လုပ်နေတာဖြစ်တယ်လို့ ဆိုပါတယ်။ လိုင်စင် ထုတ်ပေးထားတာက ဆော့ကစားဖို့ ကစားခွင့် လိုင်စင်သာ ဖြစ်ပြီးတော့ လောင်းကစားလုပ်ဖို့ ထုတ်ပေးထားတာ မဟုတ်ပါဘူး။ ဒီဂိမ်းစက်တွေနဲ့ လောင်းကစားမှုပြုမယ်ဆိုရင် လောင်းကစားဥပဒေနဲ့ ငြိစွန်းပြီးတော့ ဆိုင်ပိုင်ရှင်ရော၊ ဂိမ်းဆိုင်မှာ လုပ်နေတဲ့ ဝန်ထမ်းတွေကိုရော ဖမ်းဆီးရမယ်။ လောင်းကြေးငွေတွေ၊ လောင်းကစားစရာအဖြစ်နဲ့ အသုံးပြုတဲ့ ဂိမ်းစက်တွေကို သိမ်းဆည်းပြီးတော့ အားလုံးကို ဖမ်းဆီးတရားစွဲဆို အရေးယူရမှာ ဖြစ်ပါတယ်။ လုပ်ငန်းလိုင်စင်နဲ့ လုပ်နေတာဆိုပြီးတော့ လျစ်လျူရှုထားလို့ မရပါဘူး။ ပြီးတော့ လိုင်စင်ကြေးရလို့ဆိုပြီးတော့ နိုင်ငံတော် အတွက် မဖြစ်စလောက် အခွန်ငွေလေးရရုံနဲ့ ကျွန်တော်တို့ အနာဂတ် လူငယ်မျိုးဆက်သစ်တွေရဲ့ အကျင့်စာရိတ္တတွေကို ဖျက်ဆီးပစ်မယ့် ပုံစံမျိုးဖြစ်မှာကိုတော့ လုံးဝမလိုလားပါဘူး။ စကတည်းက ရှိနေတဲ့ ဖဲဝိုင်း၊ ကြက်ဝိုင်းတွေ၊ နွားပွဲ၊ မြင်းပွဲ၊ ဘောလုံးပွဲတွေ၊ နှစ်လုံးထီ၊ သုံးလုံးထီနဲ့ ဂျင်လောင်းကစား တာတွေ ဒီလောက်များပြားနေလို့ မနည်းဘဲနှိမ်နင်းနေရတဲ့အထဲမှာ အခုလို အကြွေစေ့သုံး လောင်းကစားတဲ့ ဂိမ်းစက်တွေ ပေါ်လာတာဟာ မြွေပူရာ ကင်းမှောင့်ဆိုသလို ဖြစ်နေရပါပြီ။

နိုင်ငံသူ၊ နိုင်ငံသားတွေအနေနဲ့ စီးပွားရေး အကျပ်အတည်းပေါ်မှာ ထွက်ပေါက်တစ်ခု အနေနဲ့ လောင်းကစားတွေ လုပ်နေကြတာ ဖြစ်ပါတယ်။ ဒါနဲ့ဆက်စပ်လို့ ရာဇဝတ်မှုတွေတိုးလာနိုင်တဲ့ အနေအထားကို ရောက်ရှိနေပါပြီ။ ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ ကလေးအားကစားကွင်း (Amusement Center) အဖြစ် လိုင်စင်ရယူပြီးတော့ လောင်းကစားလုပ်နေတဲ့ အကြွေစေ့သုံး ဂိမ်းဆိုင် တွေကို ဥပဒေနဲ့အညီ စုံစမ်းဖော်ထုတ် ဖမ်းဆီးအရေးယူခြင်း၊ လိုင်စင်ပိတ်သိမ်းခြင်းများကို နိုင်ငံ တစ်ဝန်းလုံးမှာ တစ်ပြေးညီလုပ်ဆောင်ပေးဖို့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း တင်ပြလာ တဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံး ကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၂။**

**ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။**　　။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသူအားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းကြပါစေခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေတင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ဒီ Amusement Center သဏ္ဌာန်ဆောင် ကစားကွင်းကနေ အကြွေစေ့သုံးတဲ့ ဂိမ်းစက် အများအပြားနဲ့ လူငယ်တွေရဲ့ဘ၀ အနာဂတ်ကို ချိုးဖဲ့နေတဲ့ ဒီကစားနည်းတွေကို အမြန်ဆုံးပိတ်သိမ်း ဖော်ဆောင်နိုင်ဖို့၊ တစ်ပြေးညီ လုပ်ဆောင်သွားဖို့ တိုက်တွန်းထားတဲ့ အဆိုက ရိုးရှင်းပေမယ့် ကျွန်တော်တို့ အင်နဲ့အားနဲ့ ထုနဲ့ထည်နဲ့ လုပ်ဆောင်ရမယ့် အမျိုးသားရေး တာဝန်တစ်ရပ်ရှိတယ်လို့ ကျွန်တော်ယူဆပါတယ်။ အဆိုမှာ ရိုးရှင်းပါတယ်။ ဒါပေမဲ့ ဒီလိုကိစ္စတွေမှာ စီးပွားရေးချွတ်ခြုံကျတဲ့ နိုင်ငံအများအပြားက လောင်းကစားမှု ထူပြောလာပါတယ်။

ဘာကြောင့်လဲဆိုရင် ဒီတိုင်းပြည်မှာစနစ်တစ်ခု မမှန်ကန်တဲ့အခါကျတော့ စနစ်ရဲ့ သားကောင် ဖြစ်ခဲ့တဲ့ ပြည်သူတွေဟာ မိမိတို့ရဲ့ စားဝတ်နေရေးအတွက် လောင်းကစားနဲ့ ဒီခိုးဆိုးတိုက်ခိုက်တာ ကလွဲပြီးတော့ အခြား မလုပ်တတ် မကိုင်တတ်တာတွေ များလာပါတယ်။ အဲဒီတော့ ဒါတွေကို ကျွန်တော်တို့က ဘောင်တစ်ခု၊ မူတစ်ခုနဲ့ ချပြီးတော့ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်နိုင်မှ ဖြစ်နိုင်မှာပါ။ အဲဒီတော့ ဒီ လောင်းကစားတွေကို ကျွန်တော်တို့က ဥပဒေပြဋ္ဌာန်းလိုက်ရုံနဲ့ ပြီးသွားမှာလား၊ မပြီးပါဘူး။ ကျွန်တော်တို့က ဘာကြောင့်လဲဆိုတော့ ဒီ အပျော်တမ်း ကြက်တိုက်၊ ဖဲရိုက်၊ ဘောလုံးကန်ကြရင်း၊ လှေလှော်ကြရင်းနဲ့လောင်းကြေးတွေ ပါဝင်လာတဲ့ တိုင်းပြည်ကြီးဟာ ကျွန်တော်တို့ အခု ခေတ်ပေါ်နည်းပညာတွေနဲ့ ကစားရတဲ့ ဂိမ်းဆိုင်တွေ ထပ်ပြီးတော့ စိမ့်ဝင်လာတယ်။ ဒါကို သက်ဆိုင်ရာက ခွင့်ပြုနေမယ်ဆိုရင် ကျွန်တော်တို့ တိုင်းပြည်ရဲ့ အနာဂတ်မှာရှိတဲ့ လူငယ်တွေရဲ့ ဘ၀တွေက တအားကို တိမ်းစောင်းသွားပြီးတော့ အမှောင်ထဲရောက်သွားနိုင်တဲ့ အနာဂတ်မဲ့တဲ့ နိုင်ငံ ဖြစ်သွားနိုင်ပါတယ်။

အဲဒီတော့ ဒီကိစ္စမှာ ကျွန်တော်တို့ နိုင်ငံမှာ ဒီ လုံးလုံး လောင်းကစားနည်းပေါင်းစုံ ပေါ်ထွက်တဲ့ အခြေအနေကနေ တိုင်းပြည်ရဲ့ အညွန့်အတက်နဲ့ လူငယ်လေးတွေအတွက်ကို ထိရောက်တဲ့ ကျွန်တော်တို့ ပြုပြင်ရေးကဏ္ဍကို သွားသင့်ပါတယ်။ အဲဒီတော့ ဒီလိုလောင်းကစားမှုတွေကို ကျွန်တော်တို့က ကြီးလေး ပြင်းထန်တဲ့ ပြစ်ဒဏ်တွေ ချမှတ်ရမှာဖြစ်ကြောင်း ပထမဦးဆုံးပြည်သူတွေကို မျက်စိယဉ်နားယဉ် သွားအောင် သက်ဆိုင်ရာက လုပ်ပေးဖို့ လိုအပ်ပါတယ်။ အများမြင်သာတဲ့ နေရာမှာ ဒီလိုလောင်းကစားမှု တွေကို လုပ်လို့ရှိရင် ဒီလို ကြီးမားပြင်းထန်တဲ့ ပြစ်ဒဏ်တွေ ချမှတ်မယ်ဆိုတဲ့ အချက်အလက်တွေကို ကျွန်တော်တို့က မျက်စိရော၊ နားရော အမြဲတမ်း တွေ့နေ၊ မြင်နေ၊ ကြားနေလို့ရှိရင် လူတွေဟာ စိတ်ဝင် စားလာမယ်။ တစ်ယောက်နဲ့ တစ်ယောက် ဆွေးနွေးတိုင်ပင်လာကြမယ်။ လောင်းကစားတွေ လုပ်မှုဟာ

ပါးသွားပါလိမ့်မယ်။ အဲဒီလို လုပ်နိုင်အောင် ကျွန်တော်တို့က တစ်ဖက်က ဥပဒေပြဋ္ဌာန်းရမယ်။ တစ်ဖက်က လေ့လာစောင့်ကြည့်ရေးအဖွဲ့တွေနဲ့ ဖမ်းဆီးရေးအဖွဲ့တွေကလည်း အချိန်မီ တစ်ပြေးညီ လုပ်ဆောင်သွားပေးရမယ်။

ဒီလို လုပ်သွားပေးနိုင်ခဲ့လို့ရှိရင် ကျွန်တော်တို့ လောင်းကစားနဲ့ပတ်သက်ပြီးတော့ စွန့်စွန့်စားစား ကျူးလွန်ရဲတဲ့သူ နည်းပါးပါလိမ့်မယ်။ လုံးဝပပျောက်သွားတဲ့ အဆင့်အထိတော့ မမျှော်မှန်းပေမယ့် ပပျောက်သွားလုနီးပါး ကျွန်တော်တို့က အမျိုးသားရေး တာဝန်တစ်ရပ်အနေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ နိုင်ငံတော်ကလည်း ထိရောက်တဲ့ မူဝါဒတွေချမှတ်ပေးရပါမယ်။ ဥပဒေဘက်တော်သားဖြစ်တဲ့ ရဲရယ်၊ ဥပဒေဝန်ထမ်းတွေရယ်၊ တရားစီရင်ရေးအဖွဲ့တွေရယ်၊ ပြည်သူတွေရယ် ဒါတွေပူးပေါင်းပြီး ကျွန်တော်တို့က ဒီပေါ်မှာ စိုက်စိုက်မတ်မတ်၊ အင်နဲ့အားနဲ့ အတိုင်းအတာကာလတစ်ခုကို အောင်မြင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားကြမယ်ဆိုလို့ရှိရင် အဆိုရှင် ဦးအောင်သိန်း စိုးရိမ်နေတဲ့ အနာဂတ်လူငယ်တွေရဲ့ ဘဝကို အညွန့်တုံးစေမယ့် သူတို့ရဲ့သား၊ သမီးတွေအတွက် ရတက်မအေးနိုင်တဲ့ မိဘတွေရဲ့ ခံစားချက်ကိုလည်း ပြေပျောက်ပြီးတော့ တိုင်းပြည်ကလည်း စီးပွားရေးဘက်မှာ စောက်ချပြီး လုပ်လာနိုင်တဲ့ အနာဂတ်ရဲ့ လူငယ်လေးတွေ ဖြစ်လာနိုင်မယ်ဆိုတာကို ကြိုတင်မှန်းဆရင်းနဲ့ အဆိုရှင်ရဲ့ အဆိုကို လေးနက်စွာ ထောက်ခံကြောင်း ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကွယ်ကွယ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၆။**

**ဒေါက်တာဦးကွယ်ကွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေလို့ ကျွန်တော် ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဦးကွယ်ကွယ် ဖြစ်ပါတယ်ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း တင်သွင်းတဲ့ အကြွေစေ့သုံးလောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ် ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီလုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် လေးလေးနက်နက် ထောက်ခံပါတယ်ခင်ဗျား။

လောင်းကစားမှုကြောင့် စီးပွားပျက်ခြင်း၊ စာရိတ္တပျက်ခြင်း၊ ပြစ်မှု၊ ဒုစရိုက် ရာဇဝတ်မှုများ ဖြစ်စေခြင်း၊ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များ ပညာရေးပျက်စီးခြင်း ဖြစ်တယ်ဆိုတာက အငြင်းပွားဖွယ်ရာ မရှိပါဘူး။ အခုအခါမှာ နိုင်ငံတစ်ဝန်းလုံးမှာ သောင်းကျန်းလျက်ရှိတဲ့ အကြွေစေ့ဂိမ်းကစားခြင်းကို တစ်နိုင်ငံလုံး တစ်ပြေးညီ အမြန်ဆုံးချက်ချင်း ပိတ်သိမ်းပစ်ဖို့ လိုအပ်လှပါတယ်ခင်ဗျား။ အကြောင်းသင့်လို့ ကျွန်တော် ဒီနေ့သိရတဲ့ သတင်းတွေကို အနည်းငယ်ပြောလိုပါတယ်။ အဲဒါကတော့

ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်မှာ မြို့ပေါ်မှာကို ကစားဆိုင်တွေဟာ အများကြီး ဒီ တစ်ရပ်ကွက်တည်းမှာကို ဆိုင်ပေါင်း(၁၂)ဆိုင်လောက် ဖွင့်ပြီးတော့ ဒါ အုံနဲ့ကျင်းနဲ့ အသိုက်အဝန်းနဲ့ ကစားနေတာ တွေ့ရပါတယ်။ ကျွန်တော်သတင်းရပါတယ်။

အဲဒီမှာ သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က အုပ်ချုပ်ရေးပိုင်းနဲ့ ပူးပေါင်းပြီးတော့၊ ဆွေးနွေးပြီးတော့ အရေးယူဖို့ တင်ပြဆွေးနွေးတာတွေလည်း ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဒီလောင်းကစားလုပ်ငန်းတွေဟာ လျော့နည်းသွားခြင်း၊ ပိတ်သိမ်းသွားခြင်းမရှိဘဲနဲ့ ဆက်လက်ပြီးတော့ သောင်းကျန်းမြဲ သောင်းကျန်းနေတယ်ဆိုတာကို ကျွန်တော်တစ်ဆင့် ကြားသိရပါတယ်။ ဒါလေးကိုလည်း ကျွန်တော် အလျဉ်းသင့်လို့ တင်ပြလိုပါတယ်။ ဒီလို သက်ဆိုင်ရာ အုပ်ချုပ်ရေးပိုင်းနဲ့ ဆွေးနွေးတင်ပြတဲ့အခါမှာ အုပ်ချုပ်ရေးပိုင်းအနေနဲ့ မလိုလားအပ်သော မခိုင်လုံတဲ့ အကြောင်းပြချက်တွေနဲ့ ကိုယ်စားလှယ်ကို ပြန်ပြောတာမျိုးတွေလည်း ရှိတဲ့အတွက် ဒါဟာ ကျွန်တော်အကြောင်းတိုက်ဆိုင်လို့ တင်ပြခြင်းဖြစ်ပါတယ်။ အခု တစ်နိုင်ငံလုံးမှာ အကြွေစေ့လောင်းကစားခြင်းသာမကဘဲနဲ့ တစ်နိုင်ငံလုံးမှာ ပျံ့နှံ့လျက်ရှိတဲ့ လောင်းကစားခြင်း အမျိုးမျိုးဖြစ်တဲ့ နှစ်လုံးထီ၊ သုံးလုံးထီ၊ ဘောလုံးလောင်းကစားခြင်းများကြောင့် မိသားစုဘဝပျက်တယ်။ စီးပွားပျက် အိမ်ပေါင်၊ ယာပေါင်၊ အိမ်ထောင်ပျက်၊ အတိဒုက္ခရောက်နေပြီးတော့ နိုင်ငံရဲ့ ပုံရိပ်ဂုဏ်သိက္ခာကိုလည်း ကျဆင်းလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်အဆက်ဆက် လောင်းကစားခြင်းပြုခြင်းကို ဥပဒေများ ပြဋ္ဌာန်းပြီး တားမြစ်ခဲ့တာဖြစ်ပါတယ်။ Gambling Act 1899၊ ၁၉၈၆ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၆)၊ လောင်းကစားဥပဒေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လောင်းကစားဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၁၉၉၀ စသည်ဖြင့် ဥပဒေများအမျိုးမျိုး အမိန့်ကြော်ငြာစာတွေ၊ ညွှန်ကြားချက်တွေနဲ့ ကျွန်တော်တို့ တားမြစ်ထိန်းသိမ်းခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလို ထိန်းသိမ်းခဲ့ပေမယ့်လည်း လောင်းကစားခြင်းလုပ်ငန်းတွေဟာ လျော့နည်းပပျောက်သွားတာမရှိဘဲနဲ့ ပိုပိုပြီးတော့သာ တိုးပွားသောင်းကျန်းလာတာ တွေ့ရ၊ မြင်ရပါတယ်။

ဒါကြောင့် ဒီလိုဖြစ်ရတာဟာ ဥပဒေကို ကျင့်သုံးကိုင်တွယ်ဆောင်ရွက်တဲ့၊ ဥပဒေကို ထိန်းသိမ်းတဲ့ ဝန်ထမ်းအဖွဲ့အစည်းတွေ၊ တာဝန်ပျက်ကွက်မှု၊ ပေါ့လျော့မှု၊ လာဘ်စားမှုတွေကြောင့် ဖြစ်တယ်ဆိုလို့ရှိရင် ဒီဝန်ထမ်းအဖွဲ့အစည်းတွေကို ကြပ်မတ်ထိန်းသိမ်းပြီးတော့ အရေးယူတာ၊ အပြစ်ပေးတာပြုလုပ်ရမှာ ဖြစ်ပါတယ်။ ဒါမှမဟုတ်လို့ရှိရင်တော့ အခုလို ပိတ်သိမ်းဖမ်းဆီးလိုက် နောင်ကာလအတန်ကြာလို့ရှိရင် နည်းအမျိုးမျိုးနဲ့ ပြန်လည်ပြီး ပေါ်လိုက်နဲ့ သောင်းကျန်းမြဲ သောင်းကျန်းနေမှာ ဖြစ်ပါတယ်။ အကယ်၍ ပြဋ္ဌာန်းထားတဲ့ ဒီဥပဒေတွေဟာ အားနည်းချက်တွေ၊ ပျော့ကွက်တွေရှိတယ်ဆိုလို့ရှိရင်လည်း ဒီဥပဒေများကို ပြန်လည်သုံးသပ်ပြီးတော့ ပြန်လည်ရေးဆွဲပြဋ္ဌာန်းပေးဖို့လည်း ကျွန်တော် အကြံပြုလိုပါတယ်။ ဒါ အလျဉ်းသင့်လို့ ပြောလို့ရှိရင် ဒီဥပဒေအရဆို ကျွန်တော်တို့နိုင်ငံတော်က ဖွင့်လှစ်နေတဲ့ အောင်ဘာလေထီ၊ နောက် ကျွန်တော်တို့ ကော့သောင်းမြို့နယ်မှာ လုပ်နေတဲ့ သူဌေးကျွန်းမှာလုပ်နေတဲ့ ကာစီနိုလောင်းကစားရုံတွေဟာလည်း ဥပဒေနဲ့ညီလား၊ မညီလားဆိုတာကိုလည်း ကျွန်တော်တို့အနေနဲ့ စဉ်းစားသုံးသပ်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံသူ၊ နိုင်ငံသားတွေဟာ မိမိတို့ရဲ့ဘဝမှာ မိမိတို့ ခံယူထားတဲ့ သဘောတွေအရ မိမိတို့ရဲ့ ကာယသုခ၊ စိတ္တသုခနဲ့ ပျော်ရွှင်မှုတွေကို အခြားသူတွေရဲ့ လွတ်လပ်ခွင့်နဲ့ အကျိုးစီးပွားတွေ၊ မိမိ လူ့အဖွဲ့အစည်းရဲ့ အကျိုးစီးပွားတွေကို မထိခိုက်ဘဲနဲ့ အများပြည်သူတို့ရဲ့ အကျင့်စာရိတ္တ၊ ဂုဏ်သိက္ခာ ကောင်းမြတ်ခြင်းတွေကို ထိခိုက်ခြင်းမရှိဘဲနဲ့ ရှာဖွေခံစားနိုင်တဲ့ အခွင့်အရေး တွေရရှိရမှာ ဖြစ်ပါတယ်။ လွတ်လပ်တဲ့ ဒီမိုကရေစီနိုင်ငံကြီးများမှာ ကာစီနို လောင်းကစားရုံတွေ၊ ဘောလုံး လောင်းကစားဒိုင်တွေကို ဥပဒေနဲ့အညီ တင်းကြပ်တဲ့ စည်းမျဉ်းတွေနဲ့ ဖွင့်လှစ်လုပ်ကိုင်ခွင့် ပေးထားတာတွေ ရှိပါတယ်။ ပြည်သူတွေကလည်း သူတို့ရဲ့ စဉ်းစားဆင်ခြင်နိုင်စွမ်းအရ ဆင်ခြင်တုံတရားအရ ပါဝင်ကစား ကြတာကိုလည်း တွေ့ရပါတယ်။ အဲဒီလုပ်ငန်းကြီးတွေကနေပြီးတော့ နိုင်ငံတော် အခွန်ဝင်ငွေတွေ ရရှိတာကိုလည်း ကျွန်တော်တို့ သိရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဥပဒေနဲ့ လောင်းကစားမှုများကို တားမြစ်ထားပေမယ့်လည်း လောင်းကစားခြင်း လုပ်ငန်းတွေဟာ ပပျောက် လျော့နည်းသွားခြင်းမရှိဘဲနဲ့ ဥပဒေထိန်းသိမ်းရေးအဖွဲ့အစည်း ဝန်ထမ်းများကို လိုင်းကြေးပေးခြင်းဖြင့် ပြည်သူ့ဝန်ထမ်းများ အကျင့်ပျက် ခြစားလာတာသာ ပိုမိုပြီးတော့ တွေ့ရှိရပါတယ်။

အဲဒါကြောင့် ဥပဒေစိုးမိုးရေး တာဝန်ထမ်းဆောင်ကြတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အစ ရှိသည်တို့ကို လာဘ်ပေးလာဘ်ယူခြင်း၊ အဂတိလိုက်စားခြင်း မရှိအောင် လုံလောက်သော ခံစားခွင့် တွေ ပေးမယ်။ လက်နက်ကိရိယာ၊ ယာဉ်အသုံးအဆောင်၊ ထောက်ပံ့ကြေးများ ပေးပြီးတော့ ဥပဒေကို တည်အောင်၊ ဥပဒေအာဏာသက်ရောက်အောင် ကျွန်တော်တို့ လုပ်ကြရမှာ ဖြစ်ပါတယ်။ ယခုအခါမှာ လောလောဆယ်မှာတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်း ရဲ့ အကြွေစေ့ လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ် ပိတ်သိမ်း အရေးယူခြင်းကို တစ်ပြေးညီ လုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းနဲ့ နောင်မှာ Game ဆိုင် ၊ လောင်းကစားရုံများကို ဥပဒေ အလင်းရောင်အောက်မှာ သွတ်သွင်းပြီးတော့ တင်းကြပ်တဲ့ စည်းမျဉ်းစည်းကမ်းနဲ့အညီ အများ ပြည်သူအကျိုး၊ နိုင်ငံအကျိုးကို မထိခိုက်စေဘဲ ဥပဒေများ ပြဋ္ဌာန်းလုပ်ကိုင်ခွင့်ပြုရန် သင့်/မသင့်လည်း စဉ်းစားသင့်ပါတယ်လို့ ကျွန်တော် ပြောကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ**။ ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ စောယှားဖောင်အွာ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၂။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကြီး တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် စောယှားဖောင်အွာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ကိုယ်စားလှယ်တော်ကြီး ဦးအောင်သိန်း၏ အဆိုကို

အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ကိုယ်စားလှယ်တော်ကြီး ဦးအောင်သိန်းရဲ့ အဆိုတွင် ခေါင်းစဉ်ပါ ယနေ့ မြန်မာနိုင်ငံရှိ မြို့ကြီးအတော် များများ၌ စီးပွားဖြစ် Game ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော်စည်ပင်သာယာရေးကော်မတီမှ လိုင်စင်ခံယူထားပြီး ကလေးအားကစားကွင်း သဏ္ဌာန်ဆောင် ခေတ်ပေါ် အကြွေစေ့သုံး လောင်းကစား Game ဆိုင်များ ဖွင့်လှစ်လာကြသည်လို့ ဖော်ပြထားပါတယ်။

ဒီနေရာမှာ အကြွေစေ့ Game ဆိုင်များကို လိုင်စင်ထုတ်ပေးခြင်းနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ၁၉၈၆ ခုနှစ်မှာ ပြဋ္ဌာန်းထားတဲ့ လောင်းကစား ဥပဒေအရ မည်သည့်လောင်းကစားမှ တရားဝင် ထုတ်ပေးနိုင်ခွင့် မရှိတာကိုလည်း ကျွန်တော်တို့ တွေ့ရှိရမှာ ဖြစ်ပါတယ်။ လောင်းကစားဥပဒေအမှတ်(၆) လောင်းကစားနှင့်ပတ်သက်၍ ထိရောက်စွာ အရေးယူနိုင်ဖို့ ပြဋ္ဌာန်းထားပြီးသားလည်း ဖြစ်ပါတယ်။ ဒီဥပဒေမှာ လောင်းကစားနဲ့ပတ်သက်ပြီးတော့ ရဲအရေးပိုင် ဖြစ်ပြီးတော့ အများပြည်သူ Public ဧရိယာမှာ ကစားတာတွေ့ပါက ဝရမ်းမပါဘဲနဲ့ ဖမ်းဆီးနိုင်တာ ကိုလည်း တွေ့ရပါတယ်။ အများပြည်သူနှင့်သက်ဆိုင်သောနေရာ လောင်းကစားခြင်းကို ဝရမ်းမပါဘဲ ဖမ်းဆီးခြင်း ပြုနိုင်ပါတယ်။ ကျွန်တော်တို့ အဆိုရှင်ရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ဥပဒေရှုထောင့်ကနေ (၂)ချက် ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေရဲ့ စည်းနှောင်မှုအားနဲ့ (၂)အချက်ကတော့ ဥပဒေရဲ့ ခေတ်နဲ့ လျော်ညီမှု ရှိ/မရှိ ကျွန်တော်တို့ ဆွေးနွေးဖို့ လိုပါတယ်။ လိုင်စင်များကို ခွင့်ပြုချက်မရှိဘဲနဲ့ လိုင်စင် ထုတ်ပေးလို့ မရပါဘူး။ လောင်းကစားဥပဒေအရ လောင်းကစားရန် တစ်နည်းနည်းဖြင့် အရေးယူ အားပေးကူညီရာ ရောက်နေပါတယ်။ ဒါကြောင့် ဒီနေရာမှာ ဘယ်သူက ခွင့်ပြုချက် ထုတ်ပေးသလဲ။ ခွင့်ပြုချက် ထုတ်ပေးသူသာ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိရပါမယ်။ ထုတ်ပေးတာက အပန်းဖြေ စခန်း၊ လုပ်နေတာက အကြွေစေ့ Game ဆိုရင် တရားဝင် အကြွေစေ့ Game Centre တွေ့လျှင် လိုင်စင် ရှိ/မရှိ ပြောစရာ မလိုပါဘူး။ ဥပဒေအရ အရေးယူကို ယူရမှာ ဖြစ်ပါတယ်။ အကြွေစေ့ကို ငွေသားအဖြစ်လဲလှယ်ပြီး ကစားပြီးပါက အကြွေစေ့ကိုလည်း ငွေနဲ့ပြန်လဲပေးတာကြောင့် လောင်းကစားမှု မြောက်ပြီးသားလည်း ဖြစ်ပါတယ်။ လောင်းကစား ပြုလုပ်ခြင်းကို တစ်နိုင်ငံလုံးပပျောက်အောင် လုပ်ဆောင်ရန် ခက်ခဲသော်လည်း လျော့နည်းသွားအောင် လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ခုနတုန်းက ကျွန်တော်ပြောတဲ့ ဥပဒေရှုထောင့်ကနေပြီးတော့ ဥပဒေရဲ့ စည်းနှောင်မှုအားနဲ့ ပြောချင်တာက အိမ်နီးချင်း ထိုင်းနိုင်ငံနဲ့ ဥပမာ ပြချင်ပါတယ်။

မကြာသေးခင်က ထိုင်းနိုင်ငံကနေပြီးတော့ အသစ်ပြဋ္ဌာန်းလိုက်တဲ့ အလုပ်သမား ဥပဒေ သစ်ကို အချိန်တိုလေးအတွင်းမှာပဲ အကောင်အထည်ဖော်ကြတာ ဖြစ်ပါတယ်။ နိုင်ငံရဲ့ ဥပဒေသစ် ပြဋ္ဌာန်းပြီး အလုပ်သမားစိစစ်ရေးကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အလုပ်သမားဝန်ကြီးဌာနက အလုပ်သမားဦးစီးဌာန (၉၉)ခု ဖွင့်လှစ်ပြီး စိစစ်မှုများ ပြုလုပ်လိုက်တဲ့အခါကျတော့ သူတို့နိုင်ငံမှာ တရားမဝင် လုပ်နေတဲ့ အလုပ်သမားတွေဟာ ထွက်သွားကြရပါတယ်။ ပြောချင်တာက ဒီနေရာမှာ ဥပဒေဆိုတာက ပြဋ္ဌာန်းပြီး စာအုပ်ထဲမှာရှိနေတာ မဟုတ်ပါဘူး။ ချက်ချင်း လက်ခံကျင့်သုံးနိုင်အောင် စုပေါင်းအကောင်အထည်ဖော်ဖို့ လိုအပ်တာကို ပြောချင်တာပါ။ တကယ်တော့ ဒီနေရာမှာ အဓိက

ဝန်ကြီးဌာနက အလုပ်သမားဝန်ကြီးဌာနပါ။ ဒါပေမဲ့ လုပ်ဆောင်နေတာက အလုပ်သမားဝန်ကြီးဌာန အပြင် ထိုင်းဘုရင့်တပ်မတော်၊ ထိုင်းရဲစုပေါင်းအဖွဲ့တွေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်သွားကြတာ ဖြစ်ပါတယ်။ ချက်ချင်းဆိုသလိုပဲ ဥပဒေရဲ့ အကောင်အထည်ဖော်သွားတာလည်း ဖြစ်ပါတယ်။ လောင်းကစားဥပဒေဟာ ၁၉၈၆ ခုနှစ် ပြည်သူ့လွှတ်တော်မှာ ပြဋ္ဌာန်းထားပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံလောင်းကစားဥပဒေ ၁၉၈၆ ပြဋ္ဌာန်းထားပြီးတော့ အခုဆိုရင် ၂၀၁၇ သက်တမ်းအားဖြင့် (၃၁)နှစ်တောင် ရှိနေပါပြီ။ ဥပဒေရဲ့တစ်ခုလုံးအပေါ်မှာ အကောင်အထည်ဖော်မှု အားနည်းနေကြောင်းကိုလည်း တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ဥပဒေကြောင်းနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးတဲ့အခါမှာ ဥပဒေရဲ့ စည်းနှောင်မှုအားနဲ့ ဥပဒေရဲ့ အကောင်အထည်ဖော်နိုင်မှု အခြေအနေကို ကျွန်တော်တို့ ပြန်လည် သုံးသပ်ရပါတယ်။ ဥပဒေရဲ့ ခေတ်နဲ့လျော်ညီမှု ရှိ/မရှိ ကိုလည်း ကျွန်တော်တို့ ပြန်လည်သုံးသပ်ဖို့ လိုပါတယ်။ ကျွန်တော်တို့ ဥပဒေဟာ လောင်းကစားနဲ့ပတ်သက်ပြီးတော့ ဘာမှ ခွင့်ပြုထားတာ မရှိပေမယ့် ကျွန်တော်တို့နိုင်ငံမှာ အခု အစဉ်အလာလို ဖြစ်နေတဲ့ အသုဘအိမ် ဖဲရိုက်တာကို ခွင့်ပြုတယ် မဟုတ်ပေမယ့် လျစ်လျူရှုနေရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဘယ်လောင်းကစားမှ ခွင့်မပြုပေမယ့် လျစ်လျူရှုနေရပါတယ်ဆိုတာ ကျွန်တော်တို့ ဥပဒေအရ ခေတ်နဲ့လျော်ညီမှု ရှိ/မရှိကို ကျွန်တော်တို့ ပြန်လည်သုံးသပ်ဖို့တော့ လိုမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေအတိုင်း အကောင်အထည်မဖော်နိုင်တာ တွေဟာ ဥပဒေရဲ့ အုပ်ချုပ်ရေးအဖွဲ့နှင့် ဥပဒေပါ ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်နေရတဲ့ အဖွဲ့အစည်းများအပေါ်လည်း အယုံအကြည် ကင်းမဲ့လာစေပါတယ်။ ဥပမာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ရဲများ ပေါင်းစားနေသလားလို့တောင် အထင်အမြင် လွဲမှားနိုင်ပါတယ်။ သို့ပါသောကြောင့် အဆိုနဲ့ ပတ်သက်ပြီးတော့ ဥပဒေပိုင်းအရ လောင်းကစားဥပဒေကို ပြန်လည်စိစစ်ရန် လိုအပ်ကြောင်းနှင့် အဆိုရှင်ရဲ့ အဆိုအား အကြံပြု ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ )

**အချိန်၊ ၁၁:၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသော လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းတို့ကို (၄၃)ရက်မြောက်နေ့ ၁၄-၈-၂၀၁၇ (တနင်္လာနေ့) အစည်းအဝေးတွင် ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၄၃) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို ၁၁း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]